ရောင်းမှန်

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ် ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ စနေနေ့။ Saturday, 18 March 2023 ၁၁၀၄၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၁၇

၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးမောင်ကို၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန်ပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

ကြေးမုံ

သွင်းကုန်အစားထိုးစက်ရုံများတည်ဆောက်

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်များကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ ယခင်က ပြည်ပသွင်းကုန်များအား ပိုမိုတင်သွင်းခဲ့သဖြင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့သည်။ ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ပမှ နှစ်စဉ်မှာယူတင်သွင်းခဲ့ရာတွင် ပြည်တွင်းလိုအပ်ချက်များသည့် သံ၊ သံမဏိနှင့် စက္ကူများကို ပြည်ပမှ မှာယူနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များပြားနေသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် သံ၊ သံမဏိတန်ချိန် သုံးသန်းခန့်လိုအပ်လျက်ရှိပြီး ပြည်တွင်း၌ တစ်နှစ်လျှင် သံ၊ သံမဏိတန်ချိန် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်သဖြင့် လိုအပ်သောတန်ချိန် နှစ်သန်းခန့်ကို ပြည်ပမှ နိုင်ငံခြားငွေ တစ်ဘီလီယံကျော်ခန့် သုံးစွဲတင်သွင်းနေရသည်။ ထို့အပြင်စက္ကူမှာလည်း ပြည်တွင်း၌ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက စက္ကူစက်များရှိသော်လည်း အရည်အသွေးနှင့်ထုတ်လုပ်မှုမမီသဖြင့် ပြည်ပမှ နှစ်စဉ်အမြောက်အမြား မှာယူတင်သွင်းနေရသည်။ ထို့ကြောင့် အဆိုပါလိုအပ်ချက် နှစ်ခုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်း၌ သံမဏိနှင့်စက္ကူစက်ရုံများ အဆင့်မြှင့်တင်၊ အသစ်တည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ သံနှင့်သံမဏိထုတ်လုပ်ရေးကဏ္ဍတွင် နိုင်ငံပိုင်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၌ စက်ရုံတစ်ရုံ၊ စက်မှုဝန်ကြီးဌာန၌ စက်ရုံနှစ်ရုံနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၌ စက်ရုံသုံးရုံရှိပြီး သံနှင့် သံမဏိကုန်ကြမ်းများ ထုတ်လုပ်လျက်ရှိသည်။ ပုဂ္ဂလိကကဏ္ဍတွင် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ထားသည့် သံကုန်ကြမ်းအဟောင်းများ သံရည်ကျိုလုပ်ငန်းပေါင်း ၃၆၂ ခုတို့ဖြင့် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ယခုအခါ နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများဖြင့် ပြည်တွင်း၌ သံနှင့်သံမဏိထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်အားပေးဆောင်ရွက်မှုဖြင့် အမှတ်(၂)သံမဏိစက်ရုံ(မြင်းခြံ)ရှိ သံရည်ကျိုအလုပ်ရုံကို ယခုလအတွင်း ပြန်လည်လည်ပတ်၍ သံမဏိလေးထောင့်တုံးများ ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တွင် သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်ခြင်း စီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ လည်ပတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စစ်တောင်းစက္ကူစက်၊ သာပေါင်းစက္ကူစက်ကို တည်ဆောက်ထားပြီး ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် လုပ်ငန်းများပြန်လည်လည်ပတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။

မြန်မာနိုင်ငံတွင် သစ်၊ ဝါး၊ စသည့်စက္ကူထုတ်လုပ်နိုင်သော သဘာဝပေါက်ပင်များ ပေါများစွာရှိသည်။ ပြည်တွင်း၌ထွက်ရှိသည့် သစ်ပင်အခြေခံများဖြင့် စက္ကူ၊ စက်ရုံနှင့်ပျော့ဖတ်စက်ရုံများ တည်ဆောက်ထုတ်လုပ်နိုင်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝါးထွက်ရှိမှု ဧရိယာဧကမှာ ၆၉ ဒသမ ၆ သန်းခန့်ရှိသည်။ တစ်နှစ်လျှင် ဝါးအလုံးရေ ၂၆၅ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း ၁၄၅ သန်းသာ ထုတ်လုပ်သုံးစွဲနေသည်ကို တွေ့ရသည်။ ဝါးပေါက်ရောက်မှု ဧရိယာ စာရင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်မှုမရှိသေးသော်လည်း ဝါးအလုံးရေ ၂၆၅ သန်းထက် ပိုမိုထုတ်လုပ်နိုင်ကြောင်း ခန့်မှန်းထားသည်။ တစ်နိုင်ငံလုံးတွင် တင်ဒါစနစ်ဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်နိုင်ရန် တောနိမ့်၊ တောပါးဧရိယာ ၃ ဒသမ ၆၅ သန်းဧကရှိသည့်အတွက် စက္ကူစက်ရုံများ တည်ဆောက်ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းများလုံလောက်မှုရှိသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် သံမဏိစက်ရုံများ တည်ဆောက်နိုင်ရေးနှင့် စက္ကူနှင့်ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များကို အစွမ်းကုန်ဖြည့်ဆည်းပေးသွားမည်ဟု သိရသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သစ်/ဝါးပေါက်ရောက်မှုအပေါ်မူတည်၍ သစ်/ဝါးကုန်ကြမ်းများ အလွယ်တကူသယ်ယူထုတ်လုပ်နိုင်မည့်နေရာများ၊ ရေအရင်းအမြစ် အလွယ်တကူရရှိနိုင်မည့်နေရာများ၊ စက်ရုံမှထွက်ရှိသည့် စွန့်ပစ်ရေများသန့်စင်ပြီး စနစ်တကျပြန်လည်စွန့်ထုတ်နိုင်သည့်နေရာများ၊ လျှပ်စစ်ဓာတ်အားနှင့် လောင်စာအရင်းအမြစ်များ ရရှိနိုင်မည့်နေရာများတွင် စက္ကူနှင့်ပျော့ဖတ်စက်ရုံများကို တည်ဆောက်သွားနိုင်မည်ဖြစ်ရာ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံများ တည်ထောင်နိုင်ရေးအတွက် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြင့် ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံပိုင်ကဏ္ဍများတွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံ၍ သွင်းကုန်အစားထိုး ပြည်တွင်းသံ၊ သံမဏိနှင့် စက္ကူနှင့်ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

(၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ပိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

"E Market Place for Myanmar Products Platform တွင် ပြည်တွင်းထုတ်ကုန်များ ပါဝင်ပြသရောင်းချနိုင်ရေး ဖိတ်ခေါ်ခြင်း"

၁။ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိရာတွင် MSME များ ဈေးကွက်ရရှိရေးနှင့် Digital စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် E Market Place for Myanmar Products Platform (emartmmp.gov.mm) ကို အကောင်အထည်ဖော် တည်ဆောက်ခဲ့ပါသည်။

၂။ E Market Platform တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှထုတ်ကုန်များ၊ MSME ထုတ်ကုန်များနှင့် စက်မှုဇုန်ထုတ်ကုန်များအား e-Commerce အဖြစ် ပြသရောင်းချနိုင်မည်ဖြစ်ပြီး ဝယ်ယူအသုံးပြုသူ Customer များထံ လျင်မြန်စွာပို့ဆောင်ပေးနိုင်ရေးအတွက် Delivery စနစ်များနှင့် ငွေပေးချေမှုမြန်ဆန်ရေးအတွက် e Payment စနစ်များ ချိတ်ဆက်အသုံးပြုထားရှိပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ထုတ်ကုန်များအား Platform မှတစ်ဆင့် ဖြန့်ချိရောင်းချလိုသော ပြည်တွင်းထုတ်ကုန်ထုတ်လုပ်သော လုပ်ငန်းများအနေဖြင့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန ဖုန်း- ၀၆၇-၃၄၀၈၃၉ သို့ ၂၈.၄.၂၀၂၃ ရက်နေ့ နောက်ဆုံးထား ချိတ်ဆက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇ - ၃ -၂၀၂၃)

ကုမ္ပဏီ အမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၁၀၀	၈,၁၀၀	၅၀၇	၄,၁၀၆,၇၀၀
MTSH	၃,၁၅၀	၃,၂၀၀	၆၉၆	၂,၁၉၅,၀၅၀
MCB	၇,၃၀၀	၇,၃၀၀	၀	၀
FPB	၁,၅၅၀	၁,၆၀၀	၂,၃၉၄	၃,၇၁၁,၇၅၀
TMH	၂,၅၅၀	၂,၅၅၀	၀	၀
EFR	၂,၇၀၀	၂,၇၀၀	၀	၀
AMATA	၄,၉၀၀	၄,၉၀၀	၁၉၀	၉၃၁,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၇

နိုင်ငံခြားငွေလဲလှယ်နှုန်း							
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀	(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၄၀၇.၉
(ခ) ဥရောပ	တစ်ယူရို	=	၂၂၃၅.၉	(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၆၃.၇
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၅.၀၁	(စျ) ဂျပန်	တစ်ရာယန်း	=	၁၅၇၇.၉
(ဃ) ထိုင်း	တစ်ဘတ်	=	၆၁.၃၈၆	(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၆၀.၆၇
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၆၈.၁၈				
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၄၅၀				

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	**စာပြင်**	- ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၃)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖ၇-၃ဖ၁၂၈၊ ၀ဖ၇-၃ဖ၁၃၀၊ ဖက်စ် ၀ဖ၇-၃ဖ၁၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများထုတ်လုပ်မှုနှင့် ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြစဉ်။

ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၉၅ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

✰ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှု အားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် လုံးခင်း/ဖားကန့် ရတနာနယ်မြေ၊ မက်လင်ချောင် အကျိုးတူ(၂)မှ ထွက်ရှိသည့် ၃၅ တန်ရှိ ကျောက်စိမ်းတုံးကြီးနှင့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

၁၉၆၄ ခုနှစ်မှ စတင်ကျင်းပ

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်။ **စာမျက်နှာ ၄ သို့** ✰

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏ္ဍိရတနာကျောက်စိမ်းခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးကြီးများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၉၅ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ရာ ပုလဲအတွဲများရောင်းချရာတွင် ကြမ်းခင်းစျေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက စျေးကွက်ပေါက်စျေးနှင့် ညီမျှသော မြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်သည်။ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းစျေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ယူရိုငွေနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်သည်။ နိုင်ငံခြားငွေဖြင့်သာပေးချေရမည့် ကျောက်စိမ်းအတွဲများအတွက် ပြည်တွင်း ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေ(သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ပေးချေရမည့် ကျောက်စိမ်းအတွဲများအတွက် ပြည်တွင်းရတနာကုန်သည်များအနေဖြင့် ယူရိုငွေနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပရတနာကုန်သည်များအနေဖြင့် ယူရို (သို့မဟုတ်) ယူရိုငွေနှင့် ညီမျှသော အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေ(သို့မဟုတ်) ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်သည်။ ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ပြီး ယခုကျင်းပပြုလုပ်သည့် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့စတင်ကျင်းပ

နေပြည်တော် မတ် ၁၇

(၅၈)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏ္ဍိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်းပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

လေ့လာကြည့်ရှု

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် မဏ္ဍိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ထို့နောက်ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအတွက် စျေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ရောင်းချပေးသွားမည်

ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၂၉၅ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပုလဲအတွဲများကို မတ် ၁၇ ရက်တွင် စတင်ခင်းကျင်းပြသပြီး မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲများကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ခင်းကျင်းပြသပြီး မတ် ၂၀ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို မတ် ၁၇ ရက်မှ ၂၀ ရက်အထိ ခင်းကျင်းပြသပြီး မတ် ၂၁ ရက်မှ ၂၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြစဉ်။

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကျင်းပစဉ်။

ယခုပြပွဲတွင် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံစျေးထားရှိပြီး တန်ဖိုးငွေပေးချေရာတွင် ပြည်ပကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းကုန်သည်များသည် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့် အခြေခံစျေးထားရှိပြီး ကျောက်မျက်အတွဲများအတွက် တန်ဖိုးငွေပေးချေရာတွင် ပြည်ပကုန်သည်များသည်အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေ (သို့မဟုတ်) ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းကုန်သည်များသည် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲများအတွက် တန်ဖိုးငွေပေးချေရာတွင် နိုင်ငံခြားငွေဖြင့်သာ ပေးချေရမည့် ကျောက်စိမ်းအတွဲများ အတွက် ပြည်တွင်း ပြည်ပကုန်သည်များသည် အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေ (သို့မဟုတ်) ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ နိုင်ငံခြားငွေ (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ပေးချေရမည့် ကျောက်စိမ်းအတွဲများအတွက် ပြည်တွင်း ကုန်သည်များသည် မြန်မာကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပကုန်သည်များ သည် အမေရိကန်ဒေါ်လာ (သို့မဟုတ်) ယွမ်ငွေ (သို့မဟုတ်) ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း ပေးချေနိုင်ကြောင်း သိရသည်။

ထို့ပြင် မဏ္ဍိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉ဖြင့်ခုနှစ်မှ စတင်၍ အောင်မြင်စွာ ကျင်းပခဲ့ရာ ယခုကျင်းပပြုလုပ်သည့် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ မဏ္ဍိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း – အောင်ရဲသွင်
ဓာတ်ပုံ – ကိုကိုအေး

ဆုတောင်းပြည့်ဘုရားစုကျေးရွာရှိ ရှေးဟောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်အသစ်တင်လှူပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ကြည်ညိုသည်

နေပြည်တော် မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ဘုရားစုကျေးရွာရှိ ဘုရားကုန်းကျောင်းတိုက်အတွင်း တည်ထားသော ရှေးဟောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သံဃာတော်အရှင်သူမြတ်များက ရွှေထီးတော်ကို မဟာပဏာမ နမောတဿဂါထာတော်မြတ်နှင့် မေတ္တာသုတ်ပရိတ်တရားတော် ရွတ်ပွားပူဇော်ပြီး အမွှေးနံ့သာရည်ဖြင့် ပူဇော်ကာ ဒါယကာ၊ ဒါယိကာမများက ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံလျက် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို လက်ယာရစ် လှည့်လည်ပူဇော်သည်။

တင်လှူပူဇော်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အလှူရှင်များက ရွှေထီးတော်ဘုံအဆင့်နှင့် ၄ဂ်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ မင်္ဂလာပန်းရထားဖြင့် တင်လှူပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက ဥဒါနမင်္ဂလာဂါထာတော်များ ရွတ်ပွားပူဇော်ကြပြီး ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ဆက်လက်၍ ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပရာ ဧည့်သည်တော်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ပခန်းကျောင်းတိုက် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာသာမိထံမှ ငါးပါး သီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

ပုဂ္ဂလိကမီဒီယာများ ရှင်သန်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော် မတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့သည် ဦးစီးဌာနအသစ်မှ ဝန်ထမ်းများ လူစုံတက်စုံတာဝန်ထမ်းဆောင်သည့်နေ့ဖြစ်၍ မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ ဌာနအသစ်မှ ဝန်ထမ်းအသစ်များအနေဖြင့် အရေးပါသည့်တာဝန်ကို ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းတို့မှ အရည်အချင်းရှိသော ဝန်ထမ်းများကို ထုတ်နုတ်၍ စုစည်း၊ ဖွဲ့စည်းထားခြင်းဖြစ်ရာ ပေါင်းစည်း၊ ဆက်စပ်ပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်သွားရမည်ဖြစ်ကြောင်း၊ ယခု စတင်စုစည်း၊ ဖွဲ့စည်းချိန်တွင် ဌာနဖွဲ့စည်းပုံအတိုင်း ပြည့်ပြည့်ဝဝ အင်အားဖြည့်တင်းနိုင်ခြင်းမရှိသေးဘဲ ကျစ်ကျစ်လျစ်လျစ်ဖြင့် ဦးစွာ ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း။

ဦးစီးဌာနအနေဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ၊ စီမံအုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ ဟူသည့် ဌာနခွဲ သုံးခု ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု သိရကြောင်း။

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီက သတင်းမီဒီယာသမားများအား ကျင့်ဝတ်နှင့်အညီဖြစ်စေရန် လုပ်ဆောင်ပေးနေမှုများကို ထောက်ပံ့ကူညီပေးခြင်း၊ မြန်မာ့မီဒီယာလောကဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်ရန်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မြန်မာ့မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ရင်း နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့် ပိုမိုရရှိနိုင်ရေး လုပ်ဆောင်ပေးခြင်း၊ နိုင်ငံတကာသတင်းမီဒီယာ အဖွဲ့အစည်းများ ဂုဏ်သိက္ခာရှိစွာဖြင့် နိုင်ငံနှင့် ပြည်သူကိုကိုယ်စားပြု၍ပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကမီဒီယာများ ရှင်သန်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းတို့ဖြစ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

ပင်းတယမြို့အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ပင်းတယ မတ် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ပြုလုပ်သော လမ်းများကို ယမန်နေ့ နံနက်ပိုင်းမှစ၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လိုက်လံကြည့်ရှု

ထိုသို့ဆောင်ရွက်ရာတွင် ဓနုဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သက်နှင့် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်လမ်း(၂/၂)မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း(၉/၄)မိုင်၊ ၅ ပေ Box Culvert ၁၂ စင်း၊ ၁၀ ပေ Box Culvert နှစ်စင်းနှင့် ပေ ၅၀ သံကူကွန်ကရစ်တံတားဏ၊ ချဉ်းကပ်လမ်း၊ မြေထိန်းနံရံနှင့် ရေကာနံရံများပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီးသည့်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၃၇၁ ဒသမ ၇၄၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဗလင်ါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့ စာပေမြင့်မှ လူမျိုးတင့်မည်

ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

ဥတုရာသီ နေရာဒေသမရွေး ရေကိုချွေတာဖို့လိုသည်

အောင်ထက်လင်း (ကြိမ်ချောင်း)

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ စုစုပေါင်းရေအရင်းအမြစ် ၁၆ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားပြီး အာရှဒေသ၏ ရေအရင်းအမြစ် ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံသည် ရေနှင့်ပတ်သက်သော အန္တရာယ်ရှိနေသည့် ကမ္ဘာနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် မုတ်သုံအဝင်နောက်ကျပြီး စောစီးစွာ ပြန်ထွက်သွားခြင်း၊ နိုင်ငံတစ်ဝန်း၌ ဒေသတစ်ခုနှင့်တစ်ခု မိုးရွာသွန်းမှုပမာဏ တူညီမှုမရှိခြင်း၊ ဒေသအချို့တွင် မိုးတွင်းကာလ၌ မိုးများပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ မိုးကုန်သည်နှင့် ရေရှားပါးခြင်းဒဏ်များကို အနည်းနှင့်အများဆိုသလို ကြုံတွေ့ရလေ့ရှိသည်။

ရေသည် သက်ရှိသတ္တဝါများအတွက် အရေးပါဆုံးဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်ရန်မလွယ်ကူပေ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အဓိကအခန်းကဏ္ဍ၌ ပါဝင်နေသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားသော်လည်း လူသားများ အသုံးပြုနိုင်သော သန့်စင်သည့် ရေပမာဏမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ ကမ္ဘာကြီး၌ ရေအရင်းအမြစ်များ တဖြည်းဖြည်းယုတ်လျော့လာသည်။ ကမ္ဘာ့လူဦးရေတိုးပွားနေခြင်း၊ လူမှုဘဝ ဖွံ့ဖြိုးလာခြင်းကြောင့် ရေသုံးစွဲမှု ပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲမှုအားနည်းသောနိုင်ငံများတွင် ရေပြုန်းတီးမှုများပြားလာခြင်း၊ ရေကို လိုအပ်သည်ထက် ပိုမိုသုံးစွဲမှုများပြားလာခြင်း၊ ဖွံ့ဖြိုးမှုအတွက် စက်ရုံ၊ အလုပ်ရုံများမှ ရေကို ပိုမိုသုံးစွဲရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ရေသယံဇာတများ ယုတ်လျော့လာခြင်းများမှာ ရေအရင်းအမြစ်များ လျော့ပါးလာခြင်း၏ အကြောင်းရင်းခံများဖြစ်သည်။

ရေနံချောင်းမြို့နယ်ရှိ ရေရှားပါးသည့် ကျေးရွာများသို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနက သောက်သုံးရေများ သွားရောက်လှူဒါန်းစဉ်။

၂၀၅၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်း ပိုမိုလိုအပ်

ကမ္ဘာကြီးသည် ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိထောက်ပံ့သောရေပမာဏ၏ ၄၀ ရာခိုင်နှုန်းနှင့် အထက် ပိုမိုလိုအပ်မည်ဖြစ်ကာ ၂၀၅၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်း ပိုမိုလိုအပ်လိမ့်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရေပမာဏ၏ ၈၀ ရာခိုင်နှုန်းနှင့်ကို လိုအပ်ကြောင်း ထောက်ပြထားသည်။ မျက်မှောက်ကာလတွင် နေရာအနှံ့အပြား၌ ရေကို အလုအယက်ရယူရန် ကြိုးပမ်းမှုများကြောင့် အုပ်စုအချင်းချင်း၊ နိုင်ငံအချင်းချင်းတင်းမာမှုများ၊ ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံအသီးသီးအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်မှာ မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များအပေါ် စနစ်ကျသည့် စီမံခန့်ခွဲမှု၊ ရေသယံဇာတထိန်းသိမ်းမှုတို့မှာ အရေးကြီးသည့်ကဏ္ဍဖြစ်လာသည်။ မြန်မာနိုင်ငံသည် အလယ်ပိုင်းခြောက်သွေ့သော အပူပိုင်းဒေသများမှ လွဲ၍ ရွာသွန်းမိုးရေ ကောင်းမွန်ခြင်း၊ မြစ်၊ ချောင်းများနှင့် သဘာဝရေကန်များစွာရှိနေခြင်းနှင့် မြေအောက်ရေထိန်းထားနိုင်သော အလွှာရှိနေခြင်းများသည်သဘာဝကပေးအပ်ထားသော လက်ဆောင်မွန်ဖြစ်သည်။ လူဦးရေတိုးတက်များပြားလာမှုနှင့် မြို့ပြဖွံ့ဖြိုးလာမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများကြောင့် နိုင်ငံတစ်ဝန်းရှိမြို့များတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြုများ အလျင်အမြန်ပျက်စီးဆုံးရှုံးနေသကဲ့သို့ ရေအရည်အသွေးများလည်း ကျဆင်းလျက်ရှိသည်။

လူသားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးလာမှုကို ကာကွယ်ရန် ၁၉၉၂ ခုနှစ် ဇွန်လက ဘရာဇီးနိုင်ငံ၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ရာသီဥတုညီလာခံ၏အစီအစဉ် (၂၁) (Agenda-21) နောက်ဆက်တွဲဆုံးဖြတ်ချက်အရ ရေသယံဇာတ၏ အရေးပါမှုကို ဂရုပြုမိလာစေရန် နှစ်စဉ် မတ်လ ၂၂ ရက်နေ့ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံးကမ္ဘာ့ရေနေ့အခမ်းအနားများကို ၁၉၉၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံကလည်း ၂၀၁၄ ခုနှစ်မှစတင်ကာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကဦးဆောင်ကျင်းပခဲ့သည်။ ကမ္ဘာ့လူဦးရေ တစ်ဘီလီယံခန့်သည် လုံခြုံဘေးကင်းသော သောက်သုံးရေ မရရှိနိုင်သေးသည့်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိနေသည်။ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်သည်လည်း ကောင်းမွန်သည့် မိလ္လာစနစ်ဖြင့် အလှမ်းဝေးကွာဆဲဖြစ်သည့်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ရေဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆယ်စုနှစ်အဖြစ် သတ်မှတ်ထားသည်။

ကမ္ဘာ့ရေသယံဇာတများ ရေရှည်တည်တံ့ရေး

ပင်လယ်သမုဒ္ဒရာထဲတွင် ၉၆ ဒသမ ၅ ရာခိုင်နှုန်း၊ ရေခဲပြင်နှင့် ရေခဲတောင်များတွင် ၁ ဒသမ ၇ ရာခိုင်နှုန်း၊ လေထုနှင့် တိမ်တိုက်များအကြား ရေခိုး၊ ရေငွေ့၊ မိုးတိမ်အဖြစ် သုည ဒသမ ၀၀၁ ရာခိုင်နှုန်းနှင့် မြေအောက်ရေအဖြစ် ၁ ဒသမ ၇ ရာခိုင်နှုန်း ရေသယံဇာတအရင်းအမြစ်များအဖြစ် အသီးသီးတည်ရှိနေသည်။ မိုးလေဝသပညာရှင်များက ပုံမှန်ထက် အပူချိန် နှစ်ဒီဂရီစင်တီဂရိတ်တိုးလာပါက မြစ်၊ ချောင်းများအထိ တိုးလာလျှင် မြေအောက်ရေများ ဆုတ်ယုတ်လျော့ပါးသွားမည်ဖြစ်ကြောင်း ဆိုထားရာ ကမ္ဘာသူ ကမ္ဘာသားအားလုံးက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ ရေကို ချွေတာသုံးစွဲခြင်းများ လုပ်ဆောင်နိုင်မှသာ ကမ္ဘာ့ရေသယံဇာတများ ရေရှည်တည်တံ့ရေးအတွက် အထောက်အကူပြုရာရောက်မည်ဖြစ်သည်။

၂၀၁၁ ခုနှစ် အာရှ-ပစိဖိတ်နိုင်ငံများ၏ ရေလုံခြုံမှုအစီရင်ခံစာအရ ကမ္ဘာပေါ်ရှိ မြေအောက်ရေ အကြွယ်ဝဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံသည် အဆင့်(၄)နေရာ၌ရှိနေပြီး ရေအန္တရာယ်ခြိမ်းခြောက်ခံရမှုတွင်မူ ၁၅ ရာခိုင်နှုန်းသာရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံသည် ယခင်က ရေပြဿနာဟူ၍ မရှိသလောက်ဖြစ်ခဲ့သော်လည်း ယခုနောက်ပိုင်းနှစ်များတွင် နှစ်စဉ်နှစ်တိုင်းလိုလိုပင် ရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့နေရပြီး ကျေးလက်ဒေသများ၌ သောက်သုံးရေပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည့်အတွက် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတသမားများက ရေရှားပါးသော ဒေသများသို့ သွားရောက်လှူဒါန်းမှုများ ပြုလုပ်နေကြရသည်ကို မြင်တွေ့နေကြရပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲရန်အတွက် ရေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများပါဝင်သည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ် ဧပြီလက စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရေဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ ထောက်ပံ့မှုဖြင့် ပထမဆုံး အမျိုးသားအဆင့် ရေမူဝါဒကို ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အခမ်းအနားများ

၂၀၁၄ ခုနှစ်မှစတင်ကာ ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလျက်ရှိပြီး မြန်မာ့ရေသယံဇာတကို အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ တိုင်းတာရေးကိရိယာများဖြင့် ဆောင်ရွက်လျက်ရှိကာ ကမ္ဘာ့အကူအညီဖြင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ရေကို စနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟုလည်းသိရသည်။ မြန်မာနိုင်ငံသည် နှစ်စဉ် မြေအောက်ရေပမာဏ ၃ ဒသမ ၇၃ km3/ annual ကို သောက်သုံးရေအတွက် ၆၈ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ကိုးရာခိုင်နှုန်းနှင့် စိုက်ပျိုးရေပေးသွင်းမှုအတွက် ၂၃ ရာခိုင်နှုန်း သုံးစွဲနေရကြောင်း အပြည်ပြည်ဆိုင်ရာ မြေအောက်ရေအရင်းအမြစ်များ လေ့လာသုံးသပ်မှုဗဟိုအဖွဲ့က ထုတ်ပြန်ထားရာ ရေကိုအကျိုးရှိစွာသုံးစွဲကြရန်နှင့် ရေကြောင့် ဖြစ်ပေါ်နိုင်သည့် ရေကြီးရေလျှံဘေးမှလည်း ကင်းဝေးစေမည့်အစီအမံများ ကြိုတင်လုပ်ဆောင်ထားရန် လိုအပ်မည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ☆

> **“၂၀၁၁ ခုနှစ် အာရှ-ပစိဖိတ်နိုင်ငံများ၏ ရေလုံခြုံမှုအစီရင်ခံစာအရ ကမ္ဘာပေါ်ရှိ မြေအောက်ရေ အကြွယ်ဝဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံသည် အဆင့်(၄)နေရာ၌ရှိနေပြီး ရေအန္တရာယ်ခြိမ်းခြောက်ခံရမှုတွင်မူ ၁၅ ရာခိုင်နှုန်းသာရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံသည် ယခင်က ရေပြဿနာဟူ၍ မရှိသလောက်ဖြစ်ခဲ့သော်လည်း ယခုနောက်ပိုင်းနှစ်များတွင် နှစ်စဉ်နှစ်တိုင်းလိုလိုပင် ရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့နေရ**
>
> **မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတကို စနစ်တကျစီမံခန့်ခွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ ရေကိုငွေကဲ့သို့ ချွေတာခြင်းများကို ဦးစားပေးလုပ်ဆောင်နိုင်မှ ရေကြောင့်ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်”**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ ကော်ဖီစက်ရုံသို့ သွားရောက်ကြည့်ရှု

နေပြည်တော် မတ် ၁၇

MSMEs လုပ်ငန်းများဖွံ့ဖြိုးတက်ရေးကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ တုံခမ်းရပ်ကွက်ရှိ Coffee neo စက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် Coffee neo စက်ရုံအတွင်း ကော်ဖီသီးရွေးနေမှု၊ အခွံချွတ်စက်ဖြင့် ကော်ဖီသီးများ အခွံချွတ်နေမှုနှင့် ကော်ဖီစေ့များ နေလှန်းထားရှိမှုတို့ကို ကြည့်ရှုကြသည်။

ထို့ပြင် ခရီးသွား အရင်းအမြစ်များ ပေါကြွယ်ဝသည့် ရှမ်းပြည်နယ်ကို ခရီးသွားများ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးနှင့် ခရီးသွားလုပ်ငန်းတိုးမြှင့်ဖော်ဆောင်နိုင်ရန် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံခုတ်ကျေးရွာအုပ်စုအနီးရှိ ဟိုပုံးရေထွက်ကြီး အပန်းဖြေနားနေစခန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တောင်ကြီးမြို့၌ ရှမ်းပြည်နယ် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ကြီး မတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရှမ်းပြည်နယ်မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့၏ တိုးတက်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဘဂ်လားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၁၇

ဘဂ်လားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

☆ **စာမျက်နှာ ၆ မှ**

ရေထုထည်သည် ကမ္ဘာတည်ဦးစကတည်းက ယနေ့အထိ ပုံသေဖြစ်နေသော်လည်း လိုအပ်ချက်မြင့်မားလာခြင်းကြောင့် ရှားပါးစာရင်းဝင်လာသည်။ ကိန်းဂဏန်းများဖြင့်ပြောရလျှင် ရေထုထည်သည် ၃၃၂ ဒသမ ၅ သန်းကုဗမိုင်ခန့်တွင် မပြောင်းမလဲရှိနေသည်။ ရေကိုအဓိကသုံးစွဲသည့် သက်ရှိဖြစ်သော လူဦးရေမှာ ၁၉၀၀ ပြည့်နှစ်က သန်း ၁၆၅၀ သာရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် သန်း ၆၀၀၀ ပြည့်ခဲ့ပြီး ယနေ့ သန်း ၇၈၀၀ ကျော်သွားပြီဖြစ်သည်။ လူဦးရေများပြားလာသည်နှင့်အမျှ ရေသုံးစွဲမှုသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်မှစတင်၍ တစ်နှစ်လျှင် တစ်ရာခိုင်နှုန်း တိုးတက်လာနေသဖြင့် ယနေ့ကမ္ဘာတွင် ရေရှားလာနေခြင်းဖြစ်သည်။ ရေရှားပါးလာမှုကြောင့် ရေရရှိအောင် ကြိုးပမ်းကြရာတွင် အချို့နေရာများ၌ အလုအယက်ဖြစ်လာသည်။ တစ်ဦးချင်းသာမက အုပ်စုအချင်းချင်း အငြင်းပွားလာနေသည်။ မှတ်တမ်းများအရ ရေနှင့်ဆက်နွယ်သော ပဋိပက္ခများ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ၈၄ ကြိမ် ဖြစ်ပွားခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ၂၆၄ ကြိမ်ဖြစ်ပွားခဲ့ရာ အကြိမ်စိပ်လာသည်ကို တွေ့ရသည်။ တစ်ချိန်တွင် ပဋိပက္ခအဆင့်ကိုကျော်ကာ ရေစစ်ပွဲများပင် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်လည်းရှိနေသည်။

ကမ္ဘာ့လူဦးရေ၏ ၅၅ ရာခိုင်နှုန်း

ရေပြဿနာသည် မြို့ကြီးများ၌ သိသာစွာကြီးထွားလာလျက်ရှိသည်။ အချို့သော ဖွံ့ဖြိုးပြီးနိုင်ငံများမှအပ နိုင်ငံတိုင်းလိုလို မြို့ပြကျေးလက်

မခွဲဘဲ ရေပြဿနာနှင့် ရင်ဆိုင်နေရသော်လည်း လူနေသိပ်သည်းသည့် မြို့ကြီးများသို့ လူများပိုမိုပြောင်းရွှေ့လာနေခြင်း၊ မြို့ပြတိုးချဲ့ရာ၌ ရေရရှိရေးကို အလေးထားမစဉ်းစားခဲ့ခြင်းတို့ကြောင့် မြို့ပြရေမလုံလောက်မှုသည် တစ်စတစ်စကြီးထွားလာနေခြင်းဖြစ်သည်။ ကျေးလက်နေလူများ မြို့ပြသို့ ဆက်တိုက်ပြောင်းရွှေ့လာခြင်းကြောင့် ယခုအခါ မြို့ပြလူဦးရေသည် ကျေးလက်လူဦးရေထက် ကျော်လွန်သွားပြီဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ ၅၅ ရာခိုင်နှုန်းသည် မြို့ပြများ၌ နေထိုင်နေကြသည်။ ရေရှားပါးမှုပြဿနာသည် နိုင်ငံအနှံ့ တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်းကျယ်ပြန့်လာနေသော ပြဿနာဖြစ်သည်။ စင်စစ် တစ်နိုင်ငံလုံးခြံကြည့်လျှင် မြန်မာသည် ရေအရင်းအမြစ် လွန်စွာ ပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။ နိုင်ငံ၌ရှိသည့် ပြန်လည်ပြည့်တင်းနိုင်သော ရေပမာဏသည် တစ်နှစ်လျှင် ကုဗမိုင် ၂၇၀ ရှိပြီး သုံးစွဲမှုသည် ရှစ်ကုဗမိုင်သာရှိသည်။ ပြန်လည်ပြည့်တင်းနိုင်သောရေဆိုသည်မှာ သဘာဝအလျောက်ပြန်ပြည့်သော မြစ်ချောင်း၊ အင်းအိုင်ရေများနှင့် မြေအောက်ရေအချို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေပေါများသော်လည်း အချိန်ကာလအားဖြင့်ရော နေရာအားဖြင့်ပါ မိုးရွာသွန်းမှုမညီမျှခြင်းကြောင့် နွေရောက်တိုင်း ရေအခက်အခဲဖြစ်ပေါ်နေသည်။ တစ်နှစ်တွင် သုံးလကျော်သာ မိုးရွာပြီး ကမ်းရိုးတန်းဒေသများ၌ မိုးများကာ ကျန်ဒေသများ၌ မိုးနည်းသည်။ မိုးရွာချိန် တိုးလာရန်၊ မိုးရွာဒေသများလာရန် လုပ်ဆောင်ရန် မဖြစ်နိုင်ရကား ပေါကြွယ်သည့် ရေအရင်းအမြစ်ကို တတ်နိုင်သမျှဖြန့်ကြက်ကာ ဒေသတိုင်း အလုံအလောက်ရရန် ဆောင်ရွက်နိုင်ခြင်းသည် ကောင်းမွန်သောရေအရင်းအမြစ်စီမံခန့်ခွဲခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ရေအခက်အခဲ များပြားလာခြင်းက ရေအရင်းအမြစ်စီမံခန့်ခွဲခြင်းတွင် လိုအပ်ချက်များရှိနေကြောင်း ညွှန်ပြနေသည်။ မိုးရွာသည့်လထက် မိုးပြတ်သောလက များနေခြင်း၊ နိုင်ငံဧရိယာကျယ်ဝန်းနေခြင်း၊ ရေစီမံချက်အားနည်းခြင်းတို့အပေါ် ရာသီဥတုပြောင်းလဲမှုက ထပ်ဆင့်သက်ရောက်ထိခိုက်လာသောအခါ ရေရှားပါးဒေသ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာရသည်။

နိုင်ငံတော်က အမျိုးသားရေဥပဒေပြဋ္ဌာန်းနိုင်ရေးနှင့် အမျိုးသားရေအရင်းအမြစ်ကော်မတီ ဥပဒေပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မြေအောက်ရေ စီမံခန့်ခွဲမှုဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းကို ထုတ်ပြန်ထားပြီးဖြစ်သည်။ တိုးတက်များပြားလာသော လူဦးရေအတွက် ရေလိုအပ်ချက်သည် ကမ္ဘာကြီးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ကမ္ဘာကြီး တည်တံ့ခိုင်မြဲရေးနှင့် ရေအရင်းအမြစ်လုံခြုံမှုရှိရေးသည်လည်း ဒဂ်ီးတစ်ပြား၏ ခေါင်းနှင့် ပန်းပမာ ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတကို စနစ်တကျစီမံခန့်ခွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ ရေကိုင္ဂေကဲ့သို့ ချွေတာခြင်းများကို ဦးစားပေးလုပ်ဆောင်နိုင်မှ ရေကြောင့်ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက်အစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၇

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျပ် ဘီလီယံ ၃၃၀ ထောက်ပံ့ခဲ့ပြီးဖြစ်

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ဘီလီယံ ၄၀၀ မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ငွေကျပ် ဘီလီယံ ၂၃၀၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သို့ ငွေကျပ် ၁၀ ဘီလီယံစီ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သို့ ငွေကျပ် ရှစ်ဘီလီယံစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ခြောက်ခုတို့သို့ ငွေကျပ် ငါးဘီလီယံစီဖြင့် စုစုပေါင်း ရန်ပုံငွေကျပ် ဘီလီယံ ၃၃၀ ကို မတည်ထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

လွန်ခဲ့သည့် နှစ်လတာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများသို့ ကော်မတီ၏ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်စစ်ဆေးကြီးကြပ်ပေးခဲ့ကြောင်း။ ယခုအခါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၏ လက်ကျန်ငွေကျပ် ဘီလီယံ ဂ၀ မှ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေ ထူထောင်နိုင်ရေးအတွက် ငွေကျပ် ဘီလီယံ ၅၀ နှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ငွေကျပ် ဘီလီယံ ၂၀ သတ်မှတ်ပေးထားကြောင်း၊ ထို့ပြင် ချေးငွေထပ်မံလိုအပ်သည့် လုပ်ငန်းများသို့ တိုးမြှင့်ထုတ်ချေးနိုင်ရေးအတွက် ရန်ပုံငွေတိုးမြှင့်ရရှိနိုင်မည့်နည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများအား စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကသုံးစွဲစေလိုခြင်းဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် ရန်ပုံငွေအား လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျထုတ်ပေးခြင်း၊ ပြန်လည်ကောက်ခံခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ထောက်ပံ့ကူညီပေးလျက်ရှိ

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားတိုးမြင့်လာရေးကို ဘက်ပေါင်းစုံမှ ထောက်ပံ့ကူညီပေးလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က ရန်ပုံငွေမှ ထုတ်ပေးထားသည့် အရင်းမပျောက် မတည်ငွေများကို မပျောက်ပျက်စေဘဲ တိုးပွားလာစေရန်နှင့် အကျိုးရှိစွာ စနစ်တကျ အသုံးချနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တွေ့ရှိချက်၊ လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နည်းပညာရပ်ဖွံ့ဖြိုးလာမှုကြောင့် နည်းပညာရပ်အပေါ်အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများ များပြားလာ

နေပြည်တော် မတ် ၁၇

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လေ့လာတင်ပြခြင်းဆိုင်ရာ အတွေ့အကြုံများ မျှဝေခြင်း (Knowledge Sharing) အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မြင့်နိုင်နှင့် ဒေါက်တာလင်းအောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အတူ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ယနေ့ခေတ်ကာလတွင် နည်းပညာရပ်ဖွံ့ဖြိုးလာမှုကြောင့် နည်းပညာရပ်အပေါ်အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများ များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံအသီးသီးရှိ ဗဟိုဘဏ်များနှင့် စည်းမျဉ်းထိန်းကျောင်းမှု အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးအဖွဲ့များ အနေဖြင့် လုံခြုံစိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်နိုင်ရေး၊ တစ်ဖက်တွင် နည်းပညာတိုးတက်မှုကို အားပေးပြီး၊ အခြားတစ်ဖက်မှာလည်း နိုင်ငံ၏စီးပွားရေး၊ ငွေရေးကြေးရေးစနစ်တို့တည်ငြိမ်မှုကို မထိခိုက်စေရေးအတွက် စည်းမျဉ်းချမှတ်မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါတွင် Cryptocurrency အပါအဝင် Virtual Asset အသုံးပြုမှုများသည် ကမ္ဘာတစ်ဝန်း များပြားလာပါကြောင်း၊ ထို့ကြောင့် အဆိုပါ Virtual Asset အသုံးပြုမှုများ၊ ရင်းနှီးမြှုပ်နှံမှုများအပေါ် အခြားသောနိုင်ငံများမှ မည်ကဲ့သို့ စည်းမျဉ်းထိန်းကျောင်းမှုများကို ပြုလုပ်နေသည်ကို လေ့လာခြင်းများပြုလုပ်ပြီး မိမိတို့အနေဖြင့်လည်း လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်ရန်၊ စည်းမျဉ်းထိန်းကျောင်းမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်းများအနေဖြင့်လည်း နည်းပညာပြောင်းလဲမှုနှင့် စည်းမျဉ်းထိန်းကျောင်းမှုများကို ခေတ်နှင့် အညီသိရှိစေရန်အတွက် ယခုကဲ့သို့ Knowledge Sharing အစီအစဉ်များကို အခါအားလျော်စွာ ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့လေ့လာသိရှိထားသည့် ဗဟုသုတများကို မျှဝေပေးခြင်းဖြင့် မိမိတို့အဖွဲ့အစည်းရှိ ဝန်ထမ်းများအတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်းတို့ကိုပြောကြားသည်။

ဆက်လက်၍ “Virtual Asset အသုံးပြုမှုများနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံအချို့၏ စည်းမျဉ်းထိန်းကျောင်းမှု”နှင့် စပ်လျဉ်း၍ ဒေါ်နှင်းထက်ထက်ဝင်း (ဒုတိယညွှန်ကြားရေးမှူး) က အရှေ့တောင်အာရှနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့၏ Virtual Asset များအပေါ် စည်းမျဉ်းထိန်းကျောင်းမှုများနှင့် မြန်မာနိုင်ငံတွင် Virtual Asset များကို ဥပဒေဘောင်အတွင်းမှ လက်ခံမည်ဆိုပါက ကနဦးစဉ်စားရန် လိုအပ်သည့်အချက်များကို ရှင်းလင်းတင်ပြခဲ့ကြရာ တက်ရောက်လာကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၀၃) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၁၇

စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၀၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆုနှင့် စစ်ရေးပြ ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းအောင်မြင်ကြသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းကာ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၆၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇ဖ)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

နေပြည်တော် မတ် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇ဖ)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် တပ်ကုန်းမြို့နယ် မစိုးရိမ်ကျောင်းတိုက် သြဝါဒါစရိယဆရာတော် ဦးကောသလ္လအမှူးပြုသော သံဃာတော်အရှင်သူမြတ် ငါးပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းနှင့် အမှုထမ်းများက တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇ဖ)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ညစာစားပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတို့ကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ၁၉၄၇ ခုနှစ် မတ် ၁၇ ရက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန စတင်တည်ထောင်သောနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုနှစ်တွင် (၇ဖ)နှစ်မြောက် နှစ်ပတ်လည်အခါသမယသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖော်ပြပါရှိသည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ချမှတ်ထားသည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာရေးရာများတွင် နိုင်ငံအားလုံး တန်းတူရည်တူရှိမှုနှင့် မိတ်ဝတ်မပျက် မိတ်ဆွေအဖြစ် ဆက်ဆံရေးတို့ကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်ပြီး ချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအပေါ် ရပ်တည်ကာကွယ်သွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းတိုင်း၏ တာဝန်ဖြစ်ကြောင်း။

စောင့်ထိန်းလိုက်နာ

ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများကို သိရှိလိုက်နာရန်လိုအပ်ပြီး တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေး မြင့်မားတိုးတက်အောင် တည်ဆောက်နေကြရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ လုပ်ငန်းအောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အတွေ့အကြုံ၊ ဗဟုသုတပြည့်စုံရန်သာမက လုပ်ငန်းခွင် သာယာပျော်ရွှင်ရေးအတွက်လည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ နိုဂုံးချုပ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းဘဝအဖြစ် စတင်ခံယူစဉ်ကတည်းက မိမိတိုင်းပြည်အတွက် နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းရွက်သွားရန် သန္ဓိဋ္ဌာန်ချမှတ်ပြီးဖြစ်သည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာပြီး နိုင်ငံရေးအရောင်အသွေးကင်းရှင်းစွာဖြင့် နိုင်ငံ၏အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ဆက်လက်ကြိုးစားကြရန် တိုက်တွန်းအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ဇန်နဝါရီလအတွင်း ဝန်ကြီးဌာနတွင်း ကျင်းပခဲ့သည့် အားကစားပြိုင်ပွဲများ၊ လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများနှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများ၊ သီချင်းဆိုပြိုင်ပွဲ၌ ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကို ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇ဖ)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် အထူးဆုမဲ ၇ဖ ဆု အပါအဝင် ဗလာမပါကံစမ်းမဲများ မဲဖောက်ခြင်းတို့ဖြင့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများနှင့် အတူတကွ ညစာသုံးဆောင်ခဲ့ကြပြီး ညစာသုံးဆောင်နေစဉ် ဝါသနာရှင်ဝန်ထမ်းများက ကာရာအိုကေ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြောင်း သိရသည်။

သတင်းစဉ်

လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့စကားဝိုင်း အမှတ်စဉ်(၇) ကျင်းပ

နေပြည်တော် မတ် ၁၇

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme(KSP) သောကြာနေ့ စကားဝိုင်း၏ အမှတ်စဉ်(၇) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့် အရာရှိများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာန၌ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် အသိပညာမျှဝေဆွေးနွေးပွဲ(သောကြာနေ့ စကားဝိုင်း)ကို အပတ်စဉ် ကျင်းပပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို သိရှိနားလည်ရုံသာမက မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရင်းနှီးမြှုပ်နှံသူများ နားလည်သဘောပေါက်စေရန်၊ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုရရန်နှင့် ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ခြင်းကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊ ယနေ့မျှဝေဆွေးနွေးမည့် "ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆန်းစစ်လေ့လာခြင်း"ခေါင်းစဉ်အရ မိမိတို့နိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် ရန်ကုန်အတွင်း နိုင်ငံ၏ ထုတ်လုပ်နိုင်စွမ်းတိုးတက်စေရေးနှင့် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်(GDP) တိုးတက်စေရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို မည်ကဲ့သို့ ဆွဲဆောင်နိုင်မည်၊ ရင်းနှီးမြှုပ်နှံမှုများကို မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ကဏ္ဍများကို မည်ကဲ့သို့မြှင့်တင်နိုင်မည်စသည့် အသိအမြင်များကို ရရှိစေမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးတက်လာမှုနှင့်အတူ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေး အပါအဝင် အပြည်ပြည်ဆိုင်ရာ စီးပွားဆက်သွယ်ရေးဆိုင်ရာ အခန်းကဏ္ဍများကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်နိုင်စေရန်နှင့် ပါဝင်ဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက "ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအားဆန်းစစ်လေ့လာဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာစက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၇

(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသေးစားစက်မှုလက်မှု ထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာစက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥပွါတသန္တိစေတီ တောင်ဘက်မုခ်ရှေ့ရှိ တပေါင်းကွင်း၌ ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြပွဲ၊ပြိုင်ပွဲနှင့် ဈေးရောင်းပွဲကို အသေးစားစက်မှုလက်မှုလုပ်ငန်းများ အားပေးမြှင့်တင်ရန်နှင့် ဈေးကွက်ဖော်ဆောင်ပေးရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းသုံးနှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများအား အသေးစား လုပ်ငန်းရှင်များက လေ့လာနိုင်စေရန်နှင့် ဒေသထွက်ကုန်ကြမ်းများကို အခြေခံပြီး မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အသေးစားစက်မှု လက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှု ဆိုင်ရာစက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲ (နေပြည်တော်)ကို ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သော ပြပွဲတွင် ယွန်း၊ ရက်ကန်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း စသည့်ထုတ်ကုန် အမျိုးအစားအလိုက် ပြိုင်ပွဲများ ကျင်းပပြီး ဆုများရွေးချယ်ချီးမြှင့်ပေးသွားမည် ဖြစ်သည့် အတွက် အသေးစား စက်မှုလက်မှုလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန အနေဖြင့် အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)ကို ဒေသအတွင်း စီးပွားရေးကွန်ရက်အတွင်း၌ တိတွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်မှုစွမ်းရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ MSME စီးပွားရေးလုပ်ငန်းများအနေဖြင့် ယခုကဲ့သို့ ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးသည့် ပြပွဲ၊ ပြိုင်ပွဲ၊ ဈေးရောင်းပွဲများတွင် ပါဝင်ပြသရောင်းချခြင်းဖြင့် စီးပွားရေးအရ အသိပညာများ ပိုမိုကြွယ်ဝလာပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများ အားစီမံရာတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆောင်ရွက်ပေးသွားမည်

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြည်ထောင်စုနယ်မြေအတွင်းရှိ အသေးစားစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေး၊ လိုအပ်သည့် နည်းပညာပံ့ပိုးကူညီပေးနိုင်ရေး၊ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ရေး တို့ကိုလည်း ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် နေပြည်တော် MSME Association ဥက္ကဋ္ဌ ဦးကျော်စွာဝင်းတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်ထောင်စု ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် **"အသေးစား စက်မှုလက်မှု ထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲ"** အတွင်းရှိ ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ခင်းကျင်းပြသရောင်းချသွားမည်

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲ၌ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များမှ အသေးစားစက်မှုလက်မှုဆိုင်ရာ ယွန်း၊ ရက်ကန်းနှင့် စားသောက်ကုန်၊ လူသုံးကုန်ဆိုင်ရာ ထုတ်ကုန်ပြခန်းပေါင်း ၄၉ ခန်းနှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းပြခန်း ၁၇ ခန်း စုစုပေါင်း ပြခန်း ၆၆ ခန်းကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅နာရီခွဲ အထိ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးဝယ်ယူနိုင်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့သည် နေပြည်တော်ရှိ ရုံးအမှတ် (၁၆) ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စာတမ်းရှင်ခြောက်ဦးနှင့် ပြင်ပမှ MSME လုပ်ငန်းရှင်နှစ်ဦးတို့၏ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ယွန်း၊ ရက်ကန်းနှင့် ထုပ်ပိုးမှုပညာရပ်ဆိုင်ရာစာတမ်းများဖြစ်သည့် ကြက်သွန်နီအခြေခံ တန်ဖိုးမြှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာစာတမ်း၊ လက်ငင်ချည်ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနစာတမ်း၊ The Future of Packaging စာတမ်း၊ ထုပ်ပိုးမှုဖြင့် ဈေးကွက်ချဲ့ထွင်ခြင်း စာတမ်း၊ Vacuum Freeze Dryer အသုံးပြု၍ တန်ဖိုးမြှင့် သဘာဝသစ်သီးခြောက်များ စမ်းသပ်ထုတ်လုပ်ခြင်း၊ ထောပတ်သီးမှ အဆီအနှစ်(Oil Extract)များ ထုတ်ယူ၍ Herbal Cosmetic အလှကုန်ပစ္စည်းများ စမ်းသပ်သုတေသနပြုလုပ်ခြင်း၊ မြန်မာ့သစ်စေး အကြောင်းကို လေ့လာခြင်းနှင့် စမ်းသပ် သုတေသနပြုလုပ်ခြင်း၊ ပဲပုပ်မှ စားသောက်ကုန်များ သုတေသနပြု စမ်းသပ်ထုတ်လုပ်ခြင်း စာတမ်းဖတ်ကြားပွဲကို တက်ရောက် အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ် (၁/၂၀၂၃)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၇

မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီအခြေခံ ရေကူးသင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကိုယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပသည်။။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နွေရာသီကျောင်းပိတ်ရက်များ၌ ကျောင်းသားလူငယ်များ အနေဖြင့် အားကစားနည်းအခြေခံများကို လေ့လာလိုက်စားခြင်းဖြင့်အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့် အားကစား မောင်မယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူများ ရေကူးလေ့ကျင့်နိုင်စေရန်အတွက် ဝဏ္ဏသိဒ္ဓိရေကူး အသင်းကိုပါ ဖွင့်လှစ်ထားပြီး ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှရရှိခဲ့သည့် နည်းစနစ်ပိုင်းနှင့် ကျွမ်းကျင်မှုကို အခြေခံပြီး အဆင့်မြင့် အားကစားပညာရပ်များကို ဆက်လက်လေ့လာလိုက်စားသွားကြရန်နှင့် ရေကူးအားကစားနည်းဖြင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်သည့် ရေကူးအားကစားသမားကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အသက်(၁၆)နှစ်နှင့်အထက် (အမျိုးသား/အမျိုးသမီး) ရေကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် သင်တန်းဆင်းလက်မှတ်များကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ အသက်(၁၂)နှစ်နှင့်အောက် (အမျိုးသား/အမျိုးသမီး) ရေကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် သင်တန်းနည်းပြများကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ အသက်(၁၂)နှစ်နှင့်အထက် (အမျိုးသား/အမျိုးသမီး) ရေကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦး နှင့် သင်တန်းသူတစ်ဦးတို့က လက်ခံရယူသည်။

အဆိုပါ နွေရာသီအခြေခံရေကူးသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁၇ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၁၃ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် (နေပြည်တော်)တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားနည်းများ အနက်မှ ပိုက်ကျော်ခြင်း အားကစားသမားများ၊ ဝူရှူးအားကစားသမားများ၊ ဗိုဗီနမ် အားကစားသမားများ၊ ရိုးရာခြင်းလုံးအားကစားသမားများ၊ အားနစ်အားကစားသမားများ၊ ဘော်လီဘောအားကစားသမားများ၏လေ့ကျင့်နေမှုနှင့် စားရိပ်သာ၊ အားကစားဆေးဘက်ဌာနခွဲများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောင်းသားဗဟိုပြုနည်းလမ်းများကို အသုံးပြုပြီး ဆန်းသစ်တီထွင်မှုအားကောင်းသော ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်တစ်ခုတွင် လူ့အသိုင်းအဝိုင်း၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့၏ အကျိုးကို ထိရောက်စွာပါဝင်ဆောင်ရွက်နိုင်မည့် အင်ဂျင်နီယာများ၊ သုတေသီများ ပြုစုပျိုးထောင် မွေးထုတ်ပေး

နေပြည်တော် မတ် ၁၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ နည်းပညာတက္ကသိုလ်(ရမည်းသင်း)သို့ ရောက်ရှိပြီး ဘွဲ့ကြိုသင်တန်းများမှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများအား စာမေးပွဲစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (ရမည်းသင်း)ရှိ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာများနှင့် တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာနည်းပညာရှင်များ ပြုစုမွေးထုတ်ပေးရန်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာရပ်များကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာစေရေးအတွက် ဆောင်ရွက်ကြရန်၊ ကျောင်းသားဗဟိုပြုနည်းလမ်းများကို အသုံးပြုပြီး ဆန်းသစ်တီထွင်မှုအားကောင်းသော ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်တစ်ခုတွင် လူ့အသိုင်းအဝိုင်း၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့၏ အကျိုးကို ထိရောက်စွာပါဝင်ဆောင်ရွက်နိုင်မည့် အင်ဂျင်နီယာများ၊ သုတေသီများ ပြုစုပျိုးထောင်မွေးထုတ်ပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မြို့ပြအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ်အင်ဂျင်နီယာဌာန၊ လျှပ်စစ်အင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာနနှင့် ဌာနပေါင်းစုံတို့၏ Lab ခန်းများနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ Lab ခန်းတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုသင်ကြား သင်ယူဆောင်ရွက်နိုင်ရေး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)၏ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်များသို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အခြေခံပညာရုံးဝန်ထမ်းများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၂/ ၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၁၇

အခြေခံပညာရုံးဝန်ထမ်းများ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၂/၂၀၂၃)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း(ရန်ကုန်)ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဌာနမှူးများ၊ လက်ထောက်ကထိကများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အမှာစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများက သင်တန်းထူးချွန် ပထမဆုရရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးအောင်ကိုမြတ်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဒေါ်အိခိုင်ဇာကြည်၊ တတိယဆုရရှိသည့် မွန်ပြည်နယ် ပညာရေးမှူးရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်သိန်းလင်း၊ ပိုက်ကျော်ခြင်းထူးချွန်ဆု၊ ကာယလေ့ကျင့်ခန်းအတွဲအမှတ်(၄) အမျိုးသမီးပြိုင်ပွဲ ထူးချွန်ဆုနှင့် ဘော်လီဘောထူးချွန်ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁၇ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် လစာနှုန်းတူ အခြေခံပညာ ရုံးဝန်ထမ်း ၂၉၇ ဦး တက်ရောက်ခဲ့ကြောင်းနှင့် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းပိုင်း ဆိုင်ရာများကို တာဝန်ယူ ဆောင်ရွက်ရသည့် အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို တတ်ကျွမ်းနားလည်စွာ ဆောင်ရွက်တတ်စေရန်နှင့် သင်ကြားသင်ယူမှုဆိုင်ရာ လုပ်ငန်းများ၊ မူဝါဒ၊ စီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ ကွန်ပျူတာ နှင့် ICT လုပ်ငန်းများကို ပိုမိုတတ်ကျွမ်းနားလည်စေရန်အတွက် စီမံခန့်ခွဲရေး၊ သင်ကြားသင်ယူမှု ဆိုင်ရာ လုပ်ငန်းများ ၊ ဘဏ္ဍာရေးကိစ္စရပ်များ၊ မူဝါဒ၊ စီမံကိန်း၊ ICT၊ ကွန်ပျူတာစသည့် ဘာသာရပ်များကို ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)မှ သင်တန်းနည်းပြ ၁၃ ဦး တို့က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သထုံမြို့နယ်၌ အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

သထုံ မတ် ၁၇

မွန်ပြည်နယ် သထုံခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက အခြေခံ အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်များ နွေရာသီကျောင်းပိတ်ရက်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ကာ အနာဂတ်၌ နိုင်ငံ့သားကောင်းများဖြစ်လာစေရေးရည်ရွယ်ကာ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် သင်တန်းပို့ချမည့် အငြိမ်းစား ကျောင်းဆရာကြီး ဦးအောင်ဆန်းက ကျောင်းသားကျောင်းသူများ ကျောင်းပိတ်ရက်ကာလတွင် ပညာရေးအထောက်အကူဖြစ်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် အင်္ဂလိပ်စာ သင်ကြားတတ်မြောက်ထားခြင်း၏ အကျိုးကျေးဇူးများ၊ နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် သင်တန်းဖွင့်လှစ်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၂၅ ဦးတို့တက်ရောက်ကြပြီး အင်္ဂလိပ်စာ အခြေခံအသုံးအနှုန်းများ၊ အဓိပ္ပာယ်များ၊ အခြေခံအင်္ဂလိပ်စကားပြောနှင့် ကလေးကဗျာများကို နှစ်ပတ်ကြာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အမ်းမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

အမ်း မတ် ၁၇

ရခိုင်ပြည်နယ် အမ်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ နွေရာသီကျောင်းပိတ်ရက်ကာလ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယမန်နေ့က ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစန်းဝင်းက နွေရာသီကာလတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေး၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပြည်သူ့စာကြည့်တိုက်သို့လာရောက်ပြီး စာပေဗဟုသုတများကို လေ့လာဖတ်ရှုနိုင်ကြောင်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များရှိ ကျောင်းသား ကျောင်းသူ ၂၅ ဦး တက်ရောက်၍ မတ် ၁၆ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဌမနေ့တွင် သမိုင်းဘာသာရပ်ဖြေဆိုသူ စုစုပေါင်း ၃၉၀၄၃ ဦးရှိ

နေပြည်တော် မတ် ၁၇

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဌမနေ့ကို ယနေ့ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သမိုင်းဘာသာရပ်ဖြေဆိုသူ စုစုပေါင်း ၃၉၀၄၃ ဦးရှိကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံခြားစာစစ်ဌာနတစ်ခုနှင့် ပြည်တွင်းစာစစ်ဌာန ၇၇၇ ခု စာစစ်ဌာန စုစုပေါင်း ၇၇၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၄၄၃၅၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၉၀၄၃ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၈၈ ဒသမ ၀၃ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

အခြေခံပညာဦးစီးဌာန

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-သမိုင်း

ရက်စွဲ၊ ၁၇ - ၃ - ၂၀၂၃

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ခရိုင်အရေအတွက်	မြို့နယ်အရေအတွက်	စာစစ်ဌာနအရေအတွက်	စာရင်းရှိဦးရေ			ဖြေဆိုသူဦးရေ			ပျက်ကွက်သူဦးရေ			ဖြေဆိုရာနှုန်း	ပျက်ကွက်ရာနှုန်း	မှတ်ချက်
					ကျောင်းဖြေ	ပြင်ပဖြေ	ပေါင်း	ကျောင်းဖြေ	ပြင်ပဖြေ	ပေါင်း	ကျောင်းဖြေ	ပြင်ပဖြေ	ပေါင်း			
၁	ကချင်	၆	၁၅	၃၁	၅၇၈	၂၇၀၄	၃၂၈၂	၅၅၁	၂၄၄၈	၂၉၉၉	၂၇	၂၅၆	၂၈၃	၉၁.၃၈%	၈.၆၂%	
၂	ကယား	၃	၄	၄	၁၇၂	၂၄၂	၄၁၄	၁၆၄	၂၁၃	၃၇၇	၈	၂၉	၃၇	၉၁.၀၆%	၈.၉၄%	
၃	ကရင်	၆	၇	၁၁	၂၂၂	၃၄၄	၅၆၆	၁၉၇	၂၈၀	၄၇၇	၂၅	၆၄	၈၉	၈၄.၂၈%	၁၅.၇၂%	
၄	ချင်း	၆	၈	၁၃	၄၂၇	၁၅၈၇	၂၀၁၄	၃၇၈	၁၂၈၄	၁၆၆၂	၄၉	၃၀၃	၃၅၂	၈၂.၅၂%	၁၇.၄၈%	
၅	စစ်ကိုင်း	၁၄	၃၀	၄၉	၈၁၀	၄၁၁၇	၄၉၂၇	၇၆၅	၃၅၁၃	၄၂၇၈	၄၅	၆၀၄	၆၄၉	၈၆.၈၃%	၁၃.၁၇%	
၆	တနင်္သာရီ	၄	၁၀	၁၅	၁၂၆	၂၆၉	၃၉၅	၁၁၄	၂၂၂	၃၃၆	၁၂	၄၇	၅၉	၈၅.၀၆%	၁၄.၉၄%	
၇	ပဲခူး(ရှေ့)	၃	၁၄	၂၉	၁၉၄	၅၇၅	၇၆၉	၁၈၇	၄၈၃	၆၇၀	၇	၉၂	၉၉	၈၇.၁၃%	၁၂.၈၇%	
၈	ပဲခူး(နောက်)	၃	၁၄	၄၀	၃၃၆	၈၄၂	၁၁၇၈	၃၁၄	၇၂၄	၁၀၃၈	၂၂	၁၁၈	၁၄၀	၈၈.၁၂%	၁၁.၈၈%	
၉	မကွေး	၇	၂၄	၄၈	၁၁၅	၁၉၃၇	၂၀၅၂	၁၁၂	၁၇၀၃	၁၈၁၅	၃	၂၃၄	၂၃၇	၈၈.၄၅%	၁၁.၅၅%	
၁၀	မန္တလေး	၁၁	၂၈	၈၅	၂၅၉	၂၀၂၈	၂၂၈၇	၂၅၀	၁၈၀၉	၂၀၅၉	၉	၂၁၉	၂၂၈	၉၀.၀၃%	၉.၉၇%	
၁၁	မွန်	၄	၁၀	၁၇	၂၇၈	၃၈၃	၆၆၁	၂၆၅	၃၄၆	၆၁၁	၁၃	၃၇	၅၀	၉၂.၄၄%	၇.၅၆%	
၁၂	ရခိုင်	၇	၁၇	၄၅	၂၀၃	၆၇၁၉	၆၉၂၂	၁၉၃	၅၈၂	၆၀၁၄	၁၀	၈၉၈	၉၀၈	၈၆.၈၈%	၁၃.၁၂%	
၁၃	ရန်ကုန်	၁၄	၄၅	၆၉	၉၉	၂၁၇၁	၂၂၇၀	၉၅	၁၇၅၂	၁၈၄၇	၄	၄၁၉	၄၂၃	၈၁.၃၇%	၁၈.၆၃%	
၁၄	ရှမ်း(တောင်)	၈	၂၀	၅၁	၄၂၁	၉၀၅	၁၃၂၆	၄၀၃	၇၆၀	၁၁၆၃	၁၈	၁၄၅	၁၆၃	၈၇.၇၁%	၁၂.၂၉%	
၁၅	ရှမ်း(မြောက်)	၉	၁၇	၁၉	၁၂၃	၃၄၀	၄၆၃	၁၁၁	၂၈၄	၃၉၅	၁၂	၅၆	၆၈	၈၅.၃၁%	၁၄.၆၉%	
၁၆	ရှမ်း(ရှေ့)	၅	၈	၈	၂၀	၁၂၇	၁၄၇	၁၉	၉၂	၁၁၁	၁	၃၅	၃၆	၇၅.၅၁%	၂၄.၄၉%	
၁၇	ဧရာဝတီ	၈	၂၆	၂၀၇	၆၁၄၂	၆၈၃၆	၁၂၉၇၈	၅၇၆၄	၅၉၂၉	၁၁၆၉၃	၃၇၈	၉၀၇	၁၂၈၅	၉၀.၁၀%	၉.၉၀%	
၁၈	နေပြည်တော်	၄	၈	၃၆		၁၇၀၁	၁၇၀၁		၁၄၉၆	၁၄၉၆	၀	၂၀၅	၂၀၅	၈၇.၉၅%	၁၂.၀၅%	
၁၉	နိုင်ငံခြား			၁		၂	၂		၂	၂		၀	၀	၁၀၀.၀၀%	၀.၀၀%	
ပြည်ထောင်စုချုပ်		၁၂၂	၃၀၅	၇၇၈	၁၀၅၂၅	၃၃၈၂၉	၄၄၃၅၄	၉၈၈၂	၂၉၁၆၁	၃၉၀၄၃	၆၄၃	၄၆၆၈	၅၃၁၁	၈၈.၀၃%	၁၁.၉၇%	

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၂၊၃၊၄၊၅) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၁၊၆၊၇၊၈) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။
- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် Naypyitaw State Academy မှ ကျောင်းသားကျောင်းသူ ၁၁၁ ဦးကို ပေါက်ဖော်ပညာသင်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၇

၂၀၂၂-၂၀၂၃ ပညာသင်နှစ် Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးကို ပေါက်ဖော်ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် Naypyitaw State Academy ၏ Functional Hall ၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် China Foundation for Rural Development (CFRD) မှ Country Director Ms. Lin Yuan တို့က အဖွင့်အမှာစကားပြောကြားပြီး Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က ပေါက်ဖော်ပညာသင်ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ထို့နောက် ပေါက်ဖော်ပညာသင်ဆုများကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ CFRD မှ Country Director Ms. Lin Yuan၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦး၊ CFRD မှ Program Manager Ms. Lu Tao၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်နှင့် CFRD မှ Program Manager Ms. Yan Tianjia တို့က ပေးအပ်ကြရာ အထူးပြုဘာသာရပ် ၁၂ ခုမှ ကိုယ်စားပြုကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက်Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ရာ CFRD မှ Country Director Ms. Lin Yuan က လက်ခံရယူသည်။

ဆက်လက်၍ ပညာသင်ဆုရရှိကြသည့် Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အခမ်းအနားကို CFPA Myanmar Office နှင့် Naypyitaw State Academy တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာရုံး(CFPA Myanmar Office)သည် မြန်မာနိုင်ငံ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၅ ခုနှစ်မှစတင်၍ ပညာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပူးပေါင်းကာ Paukphaw Scholarship Project ကို အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သည်မှာ ခုနစ်နှစ်ခန့်ရှိခဲ့ပြီး တက္ကသိုလ် ၁၄ ခုမှ တက္ကသိုလ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၄၈ ဦးကို ထောက်ပံ့လျှာ်ငါန်းနိုင်ခဲ့သည်။ ယင်းအစီအစဉ်အရ ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် Naypyitaw State Academy တို့မှ တက္ကသိုလ် ကျောင်းသား ကျောင်းသူစုစုပေါင်း ၈၀၀ တို့ကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် ပညာသင်နှစ် တစ်နှစ်စာအတွက် ပညာသင်ဆုများ ထောက်ပံ့လျှာ်ငါန်းသွားမည်ဖြစ်ပြီး အစီအစဉ်အရ Alibaba Philanthropy ၏ ငွေကြေးထည့်ဝင်မှုဖြင့် Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးကို ပညာသင်နှစ် တစ်နှစ်စာအတွက် ပညာသင်ဆုများကို ထောက်ပံ့လျှာ်ငါန်းခြင်းဖြစ်သည်။

တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဖောင်ဒေးရှင်း မြန်မာနိုင်ငံဆိုင်ရာရုံး (CFPA Myanmar Office)သည် မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဧပြီလလမှ စတင်ကာ ပြည်ထဲရေးဝန်ကြီးဌာနတွင် နိုင်ငံတကာအစိုးအရမဟုတ်သော အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ပြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့၏ ခွင့်ပြုချက်အရ Bank of China (BOC) Scholarship Program၊ Paukphaw ပညာသင်ဆုစီမံကိန်း၊ တရုတ်-မြန်မာ ချစ်ကြည်ရေးပညာသင်ဆုစီမံကိန်း၊ Panda Pack စီမံကိန်း၊ Smiling Children စီမံကိန်း၊ WASH စီမံကိန်း၊ Covid-19 အထောက်အကူပြုပစ္စည်းများ လျှာ်ငါန်းခြင်းစီမံကိန်း၊ စက်ဘီးလျှာ်ငါန်းခြင်း စီမံကိန်း၊ ဆိုလာမီးအိမ်များ လျှာ်ငါန်းခြင်းစီမံကိန်း စသောစီမံကိန်း ၁၄ ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ခုနစ်နှစ်တာကာလအတွင်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၃ ခုရှိ မြို့နယ်ပေါင်း ၁၄၄ မြို့နယ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၂ သန်း ထည့်ဝင်ပြီး လူဦးရေပေါင်း ၄၉၇၆၀၈ ဦးအား အကျိုးခံစားခွင့်ရရှိစေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တရုတ်နိုင်ငံသမ္မတ ရီကျင့်ဖျင် ရုရှားနိုင်ငံသို့ မတ် ၂၀ ရက်တွင် ချစ်ကြည်ရေး အလည်အပတ်သွားမည်

ပေကျင်း မတ် ၁၇

တရုတ်နိုင်ငံသမ္မတ ရီကျင့်ဖျင်က ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီး သွားရောက်မည် ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်မည့် ခရီးစဉ်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်းက ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။

သမ္မတ ရီကျင့်ဖျင်သည် ရုရှားသမ္မတ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ရုရှားနိုင်ငံသို့ အလည်အပတ် သွားရောက်မည်ဖြစ်သည်။

မကြာသေးမီ နှစ်များအတွင်း ခေါင်းဆောင်နှစ်ဦး၏ ဦးဆောင်မှုနှင့် လမ်းညွှန်မှုအောက်တွင် တရုတ်-ရုရှား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် ရေရှည်တည်တံ့ခိုင်မြဲပြီး တည်ငြိမ်သောဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့ကြောင်း ဝမ်ဝင်ဘင်းက ပြောကြားသည်။

ယခုခရီးစဉ်သည် တရုတ်နှင့် ရုရှားနှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှု ပိုမိုနက်ရှိုင်းစေမည့် ချစ်ကြည်ရင်းနှီးမှုခရီးစဉ် ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုအတွက် နိုင်ငံရေးအခြေခံအုတ်မြစ်ကို ခိုင်မာစေမည်ဖြစ်ကြောင်း ဝမ်ဝင်ဘင်းက ဆိုသည်။

ထို့ပြင် နှစ်နိုင်ငံနယ်ပယ်အသီးသီး၌ အပြန်အလှန်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ တရုတ်စီးပွားရေးစကြီးစီမံကိန်းနှင့် ယူရေးရှားစီးပွားရေးသမဂ္ဂအကြား ပေါင်းစပ်ဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေပြီး နှစ်နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြန်လည်ရှင်သန်ရေး ရည်မှန်းချက်များကို ဖော်ဆောင်ပေးမည့် ခရီးစဉ်ဖြစ်ကြောင်း ဝမ်ဝင်ဘင်းက ပြောသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်



တရုတ်သမ္မတ ရီကျင့်ဖျင်

ယူကရိန်းအရေးနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံက ၎င်း၏ရည်မှန်းချက်နှင့် တရားမျှတသည့် ရပ်တည်ချက်ကို ဆက်လက်ကိုင်ဆောင်ကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုပြီး အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်သွားမည် ဖြစ်ကြောင်းလည်း ဝမ်ဝင်ဘင်းက ဆိုသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှုများ မြင့်တက်လာသဖြင့် ပြည်သူတစ်သန်းခန့် ကျန်းမာရေးထိခိုက်

ဗန်ကောက် မတ် ၁၇

ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှုများမြင့်တက်လာသဖြင့် ယခုနှစ်အတွင်း နိုင်ငံသားတစ်သန်းခန့် ကျန်းမာရေး ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ လက်ရှိအချိန်တွင် ကျန်းမာရေးတာဝန်ရှိသူများက အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ကာ နိုင်ငံသားများအား စောင့်ရှောက် ကုသနေသည်။

ဆိုးရွားသည့်အဆင့်သို့ ရောက်ရှိ

ပြီးခဲ့သည့်လမှစတင်၍ လေထုညစ်ညမ်းမှုသည် ဆိုးရွားသည့်အဆင့်သို့ ရောက်ရှိလာခဲ့ပြီး ရာသီဥတု အခြေအနေများကလည်း ပိုမိုဆိုးရွားစေရန်အတွက် အထောက်အကူပြုနေသည်။ ယခုနှစ်အစပိုင်းမှစတင်၍ နိုင်ငံသား ၁ ဒသမ ၃ သန်းမှာ လေထုညစ်ညမ်းမှုများမှတစ်ဆင့် ရောဂါများဖြစ်ပွားခဲ့ပြီး လွန်ခဲ့သည့် သီတင်းပတ်အတွင်း၌ပင် အသက်ရှူလမ်းကြောင်း၊ အရေပြားနှင့် မျက်လုံးရောဂါဖြစ်ပွားသူ နှစ်သိန်းခန့်ရှိခဲ့သည်။

လက်ရှိအချိန်တွင် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအား နေအိမ်အတွင်း၌ပင် နေထိုင်ရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။ လေထုညစ်ညမ်းမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းခံမှာ နိုင်ငံမြောက်ပိုင်း၌ တောမီးများ လောင်ကျွမ်းခြင်းနှင့် ယာမြေများ မီးရှို့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်နန်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

ကင်ညာနိုင်ငံ၌ ဟွာဝေးကုမ္ပဏီအကူအညီဖြင့် မိုဘိုင်း 5G စင်တာများ ထပ်မံတည်ဆောက်မည်

နိုင်ရိုဘီ မတ် ၁၇

အာဖရိကဒေသ ကင်ညာနိုင်ငံရှိ မိုဘိုင်းဖုန်းကုမ္ပဏီ Safaricom သည် နိုင်ငံအတွင်း မိုဘိုင်း 5G စင်တာများ ထပ်မံတည်ဆောက်ရန် တရုတ်နည်းပညာကုမ္ပဏီ ဟွာဝေးနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ 5G စင်တာသုံးခုအား တည်ထောင်ပြီးပါက ကင်ညာနိုင်ငံအတွင်း မိုဘိုင်းဖုန်းကွန်ရက်များ၏ စွမ်းဆောင်ရည်တိုးမြင့်လာမည်ဖြစ်ပြီး မိုဘိုင်းဖုန်းသုံးစွဲသူများသည် အကောင်းဆုံးသောဝန်ဆောင်မှုကို ရရှိမည်ဖြစ်ကြောင်း Safaricom မှ အမှုဆောင်အရာရှိချုပ် ဝီတာအန်ဒီဂါက ပြောကြားသည်။

စတင်တည်ထောင်ခဲ့

ကင်ညာနိုင်ငံအတွင်း ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစတင်၍ Safaricom မှ 5G ကွန်ရက်ကို စတင်တည်ထောင်ခဲ့သည်။ ယခုကဲ့သို့ Safaricom နှင့် ဟွာဝေးတို့ လက်တွဲဆောင်ရွက်ခြင်းဖြင့် ကင်ညာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများသည် မိုဘိုင်းဖုန်းများ၏ မြန်နှုန်းမြင့်အင်တာနက်နှင့် လိုင်းဆွဲအားကောင်းမွန်ခြင်းကို ရရှိခံစားနိုင်ပြီး ကင်ညာနိုင်ငံစီးပွားရေးတိုးတက်စေရေးအထောက်အကူပြုနိုင်ကြောင်း ကင်ညာနိုင်ငံရှိ ဟွာဝေးကုမ္ပဏီတာဝန်ရှိသူ Sheng Kaifu က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

မြောက်ကိုရီးယားနိုင်ငံက Hwasong – 17 တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်

ပြုံယမ်း မတ် ၁၇

မြောက်ကိုရီးယား နိုင်ငံက Hwasong – 17 တိုက်ချင်းပစ်ဒုံးကျည်ကို ယမန်နေ့က စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်သည် အမေရိကန်နိုင်ငံ အတွင်းမည်သည့်နေရာကိုမဆို ပစ်မှတ်ထားပစ်ခတ်နိုင်ကြောင်း သိရသည်။

ဒုံးကျည်ကို ပြုံယမ်းဆူနန်နိုင်ငံတကာလေဆိပ်မှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး ဒေါ်လာ ၅၅ ကီလိုမီတာ အမြင့်သို့ရောက်ရှိကာ ဂျပန်ပင်လယ်အတွင်းသို့ ကျရောက်သွားခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါ ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း အာဏာရလုပ်သားပါတီ သတင်းစာ Rodong Sinmun က သတင်းဖော်ပြသည်။

ဒုံးကျည် အမျိုးအစား Hwasong–17 ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်ပြီး ပြုံယမ်းက ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခြင်းဖြစ်ပြီး ယင်းဒုံးကျည်၏ နောက်ဆုံးစမ်းသပ်မှုကို ပြီးခဲ့သည့် နိုဝင်ဘာလက အောင်မြင်ခဲ့ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

ပြုံယမ်း ပစ်လွှတ်ခဲ့သည့် Hwasong–17 ဒုံးကျည်သည် ဆူနန်ခရိုင် ပတ်ဝန်းကျင်တစ်နေရာမှ ပစ်လွှတ်ခြင်းဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်အပြင်ဘက်ရှိ ဂျပန်ပင်လယ်အတွင်းသို့ ကျရောက်သွားခဲ့ကြောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိများက ပြောသည်။

ကိုးကား- အင်နန်အိတ်ချ်ကေ

ဘာသာပြန်- အောင်ကျော်ကျော်

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် မာလာဝီနိုင်ငံသားများအား ထောက်ပံ့ငွေပေးအပ်မည်

ဘလန်တိုင်ရီ မတ် ၁၇

ဆိုင်ကလုန်းမုန်တိုင်း ဖက်ဒရီဒဏ်သင့် နိုင်ငံသားများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ပေးအပ်မည်ဖြစ်ကြောင်း မာလာဝီသမ္မတ Lazarus Chakwera က ပြောကြားသည်။

အတည်ပြုခဲ့

ဝန်ကြီးအဖွဲ့အစည်းအဝေး၌ အဆိုပါငွေကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် မုန်တိုင်းဒဏ်သင့်မိသားစုများအားပေးအပ်ရန် မိမိအတည်ပြုခဲ့ကြောင်း ယမန်နေ့က ရုပ်မြင်သံကြားတွင် ၎င်းက ပြောကြားသည်။ သို့ရာတွင် လက်ရှိ ထောက်ပံ့ငွေအတိုင်းအတာဖြင့် ဆေးရုံများတွင် ဆေးပစ္စည်းဝယ်ယူခြင်းကဲ့သို့သောကိစ္စများကို ဆောင်ရွက်ရန် လုံလောက်မှုမရှိနိုင်သဖြင့် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားသည့်အကူအညီများကို ရယူသွားရန် လိုအပ်မည်ဖြစ်ကြောင်း သမ္မတ Lazarus Chakwera က ဆိုသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

(၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်

နေပြည်တော် မတ် ၁၇

(၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ် အားကစားခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲတို့တွင် အသင်းလိုက်နှင့် တစ်ဦးချင်းဆုရရှိကြသူများနှင့် နေရာအလိုက် အကောင်းဆုံး ဆုရရှိသူများအား ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မွန်ပြည်နယ်နေ့အထိမ်းအမှတ် ၁၀ မြို့နယ်အသက် (၁၉) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရာမည အားကစားကွင်း၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် အားကစားဝါသနာရှင်များက အဖွင့်ပွဲစဉ်အဖြစ် ပေါင်မြို့နယ် ဘောလုံးအသင်းနှင့် ရေးမြို့နယ် ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲသို့ မြို့နယ် ၁၀ မြို့နယ်မှ ဘောလုံးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဧပြီ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဈေးကွက်နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၁၇

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ပြည်သူ့အလုပ်သမားပါတီ**နှင့် **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၂၃ ပါတီ ဖြစ်၍ စုစုပေါင်း ၂၉ ပါတီ ဖြစ်သည်။ ယင်း ၂၉ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၇ ပါတီ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၂၂ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် မတ် ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရှမ်းပြည်နယ် အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဦးစွာ ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းသူများ၏ လက်တွေ့လေ့လာ သင်ယူနေမှုနှင့် စားရိပ်သာ၊ အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် တောင်ကြီးမြို့ သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း၌ မဲခေါင်-လန်ချန်း စီမံကိန်းဆိုင်ရာ မွမ်းမံသင်တန်းတက်ရောက်နေသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်များမှ သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းများ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ပါတီနိုင်ငံရေး ကင်းရှင်းရန်နှင့် မိမိဘဝ တိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ ဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်တွေ့ဆုံ၍ သမဝါယမစနစ်ဖြင့် နွား နှင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသော ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန ရုံးအဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဒေသဦးစီးဥက္ကဋ္ဌတို့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနကတာဝန်ယူဆောင်ရွက်ခဲ့သော အရှည် ၂ ဒသမ ၁၇ဖာ ကီလိုမီတာရှိ ဟွေ့ရေခေါက်-ဒုံလိတန်-ဆီဟိုးလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကိုလည်းကောင်း၊ တောင်ကြီး - လွိုင်လင်လမ်းမိုင်တိုင်အမှတ် (၁၄၄) မှ ကျူခရိန်းကျေးရွာသို့ လမ်းပြုပြင်ဖောက်လုပ်ရေးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မွေးမြူရေးဇုန်ပြုလုပ်မည့်နေရာကိုလည်းကောင်း၊ ဟိုနားကျေးရွာ အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ပေးထားမှုနှင့် ပညာရေး ဝန်ထမ်းများအတွက် အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် ကတ္ကူ(တောင်) ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ရေပေးရေးလုပ်ငန်းကိုလည်းကောင်း၊ ကတ္ကူ(အရှေ့)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်ခဲ့သည့် မူကြို ကျောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆွေးနွေးပြောကြား

ယင်းနောက် ဒုတိယဝန်ကြီးသည် နားပီးကျေးရွာအုပ်စု ဟမ်းဆီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ပအိုဝ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးပြောကြားကာ တောင်ကြီးမြို့နယ် ဖာမွန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေနှင့်ကျေးရွာမှ ထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကျေးရွာ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ (၁၀)ရပ်ကွက်၊ မြို့တော်(၂)လမ်း၊ အမှတ်(စီ/၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)၏ အလံပုံစံ

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၁၇

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နေ မတင်မာလွင်က တစ်မြို့တည်းနေသူ မ---၊ ၃၄/၂၀၂၂ နှစ်ကို တရုတ်နယ်စပ်တွင် စားပွဲထိုးအလုပ်ကို တစ်လလျှင် ငွေကျပ် ၂၅၀၀၀၀ ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်ယောကျ်ားနှင့် အဓမ္မထိမ်းမြားလက်ထပ်ရန် ငွေကျပ် သိန်း ၅၀ ဖြင့် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကနောင်နယ်မြေ ရဲစခန်း (၀) ၁၈/၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြန်အောင်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၆ ရက်တွင် တရားခံ မတင်မာလွင်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နောက်(၂)ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်စေတနာ(က)ရပ်ကွက်နေ သန့်ဇင်ထွန်းသည် ၎င်းအသုံးပြုသည့် “Thant Zin Htun” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေသူများဖြစ်ကြသည့် သန့်ဇင်အောင်(ခ)အောင်လေး၊ ကောင်းဆက်တိုး(ခ)ဆံရှည် (ခ)ကောင်းကောင်း၊ သန်းခိုင်ဦး (ခ)ဘိုပု၊ ကျော်သက် (ခ)ကျော်ကြီး၊ သင်းနွယ်စိုး၊ ထွန်းမင်းဇော(ခ) သာကျော်(ခ)ဂျိုကာနှင့် အောင်ကြည် (ခ)ရွှေငါး တို့သည် ၎င်းတို့အသုံးပြုသည့် “Aung Lay” Facebook အကောင့်၊ “Kaung Kaung” Facebook အကောင့်၊ “Than Khaing Oo” Facebook အကောင့်၊ “Kyaw Gyi” Facebook အကောင့်၊ “Thin Nwe Soe” Facebook အကောင့်၊ “Joker” Facebook အကောင့်၊ “Aung Kyi” Facebook အကောင့်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ အောင်ကိုဦး(ခ)အထစ်သည် ၎င်းအသုံးပြုသည့် “Aung Ko Oo” Facebook အကောင့်နှင့် သဃ်နိုးကျွန်းမြို့နယ်နေ ပြည့်ဖြိုးကြွယ်(ခ)ကိုဖြိုး သည် ၎င်းအသုံးပြုသည့် “Ko Phyo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖

မော်လမြိုင်-ဘားအံ(အတ္ထရံ) မြစ်ကူးတံတား ကြိုခိုင်မှုအားနည်း၍ မော်တော်ယာဉ်များ လမ်းလွှဲမှ မောင်းနှင်လျက်ရှိ

မော်လမြိုင် မတ် ၁၇

မော်လမြိုင်-ဧရာသပြင်-အိန္ဒုလမ်းပေါ်ရှိ မော်လမြိုင်-ဘားအံ(အတ္ထရံ) မြစ်ကူးတံတားသည် မတ်လ ၁၂ ရက်မှစတင်၍ တံတားကြိုခိုင်မှုအားနည်းနေသောကြောင့် မော်တော်ယာဉ်များအား လမ်းလွှဲမှ မောင်းနှင်လျက်ရှိကြောင်း သိရသည်။

တံတား ကြိုခိုင်မှုအားနည်းသည့်အတွက် တံတားပေါ်တွင် ၃တန်နှင့်အောက် မော်တော်ယာဉ်များသာ ဖြတ်သန်းသွားလာခွင့်ပြုပြီး ၃တန်အထက် ယာဉ်များကို တရနာ (ခရုံဂူ) – စံပယ်ဂူ ကျိုက်မရောလမ်းအား ရှောင်ကွင်းလမ်းအဖြစ် မောင်းနှင်စေလျက်ရှိကြောင်းနှင့် ခရုံဂူလမ်းဆုံ မိုင်တိုင် အမှတ် ၆/၃ နှင့် ကျိုက်မရော (ဟင်္သာအိုင်း) မိုင်တိုင် အမှတ် ၀/၀ တို့တွင် ကြိုတင်သတိပေးဆိုင်းဘုတ် လေးခုနှင့် Barrier Gate ခြောက်ခုတို့ကို ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အတွက် ရှောင်ကွင်းလမ်းအဖြစ် အသုံးပြုနိုင်ရန် အသိပေးဆိုင်းဘုတ်များ စိုက်ထူထားရှိပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးဖြင့် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် (၂၆)ကြိမ်မြောက် ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ကာတွန်းပြိုင်ပွဲများကို မတ် ၂၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ယင်းနေ့တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အထက(၂)ကျောင်းမြည်လာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလယ်တန်း၊ အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မတ် ၂၉ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲကို ယင်းနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ လသာမြို့နယ် အထက(၂)ကျောင်းမြည်လာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံများကို မတ် ၁၀ ရက်မှစ၍ သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများမှ တစ်ဆင့် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် အခမဲ့ထုတ်ယူနိုင်ပြီး ပြိုင်ပွဲဝင်ပုံစံများကို ဖြည့်စွက်၍ မတ် ၂၃၊ ၂၄၊ ၂၅ ရက်တို့တွင် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် (ရန်ကုန်)သို့ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ချင်းတွင်းမြစ်ကမ်းတွင် စုပေါင်းအမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

မုံရွာ မတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ချင်းတွင်းမြစ်အတွင်း အမှိုက်စွန့်ပစ်မှု ကာကွယ်ရေး လှုပ်ရှားမှုနှင့် အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က လူဦးရေတိုးပွားလာခြင်းနှင့်အတူ စွန့်ပစ်ပစ္စည်းများလည်း တိုးပွားလာကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းပျက်စီးမှုကို လျှော့ချရန် ဘက်ပေါင်းစုံမှ ကြိုးစားအဖြေရှာကြရမည်ဖြစ်ကြောင်း၊ အမှိုက်များသည် လေထု၊ မြေဆီလွှာနှင့် ရေကို ညစ်ညမ်းစေပြီး တောရိုင်း တိရစ္ဆာန်များ၊ ဂေဟစနစ်များနှင့် လူသားတို့၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် တစ်ရက်လျှင် စွန့်ပစ်အမှိုက် ပျမ်းမျှ ၃၃၅ တန်ခန့် ထွက်ရှိနေပြီး စွန့်ပစ်အမှိုက်များကို စနစ်တကျ သိမ်းဆည်းခြင်းနှင့် စွန့်ပစ်ခြင်း အားနည်းသည့်အတွက် အမှိုက်စွန့်ပစ်မှုသည် ရေထုညစ်ညမ်းမှု၊ မြေဆီလွှာညစ်ညမ်းမှု၊ ရောဂါကူးစက်မှု၊ စီးပွားရေးကျဆင်းမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှရရှိလာမည့် ရလဒ်များအပေါ် မူတည်ပြီး ရေရှည်တည်တံ့ခိုင်မြဲပြီး အကျိုးဖြစ်ထွန်းသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ချင်းတွင်းမြစ်အတွင်း အမှိုက်စွန့်ပစ်မှု ကာကွယ်တားဆီးရေး လှုပ်ရှားမှုကမ်ပိန်းနှင့် အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချင်းတွင်းမြစ် ကမ်းနားလမ်းပေါ်ရှိ နမ်ချန်စက်လှေဆိပ်တွင် ချင်းတွင်းမြစ်အတွင်း အမှိုက်စွန့်ပစ်ခြင်း ကာကွယ်တားဆီးရေး လှုပ်ရှားမှုအဖြစ် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၂၅၀ ကျော်ဖြင့် တပျော်တပါး စုပေါင်းအမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**

ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာ၌ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

ကော့ကရိတ် မတ် ၁၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကော့ကရိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်းဆင်းပွဲကို မတ် ၁၅ ရက် နံနက် ၁၀ နာရီက ကော့ကရိတ်မြို့နယ် နဘူးနှစ်ခြားကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကော့ကရိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို နဘူးနှစ်ခြားကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ သင်တန်းသား ၂၀ ဖြင့် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁၅ ရက်အထိ ၁၅ ရက်ကြာ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၃-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၃၅	၂၀၈၅	၂၀၈၀	၂၀၄၅	၂၀၈၅	၂၁၀၅	၂၀၉၀	၂၀၇၀	၂၁၇၀	၂၁၈၅	၂၀၇၅	၂၀၈၅	၂၁၂၀	၂၁၂၀	၂၁၂၅	၂၃၅၅	၂၈၁၀
95 Ron	၂၁၂၀	၂၁၇၀	၂၁၇၀	၂၁၃၀	၂၁၇၀	၂၁၉၅	၂၁၈၀	၂၁၅၅	၂၂၅၅	၂၂၇၀	၂၁၆၀	၂၁၈၀	၂၂၁၀	၂၂၁၀	၂၂၁၀	၂၄၄၀	၂၈၈၅
HSD (500 ppm)	၂၀၉၀	၂၁၄၀	၂၁၄၀	၂၁၀၀	၂၁၄၀	၂၁၆၅	၂၁၆၀	၂၁၂၅	၂၂၄၅	၂၂၄၀	၂၁၃၀	၂၁၄၅	၂၁၇၅	၂၁၈၀	၂၁၈၀	၂၄၁၀	၃၁၀၀
HSD (50 ppm)	၂၁၇၀	၂၂၂၀	၂၂၂၀	၂၁၈၀	၂၂၂၀	၂၂၄၅	၂၂၄၀	၂၂၀၅	၂၃၂၅	၂၃၂၀	၂၂၁၀	၂၂၂၅	၂၂၅၅	၂၂၆၀	၂၂၆၀	၂၄၉၀	၃၁၃၀
HSD (10 ppm)	၂၁၇၀	၂၂၂၀	၂၂၂၀	၂၁၈၀	၂၂၂၀	၂၂၄၅	၂၂၄၀	၂၂၀၅	၂၃၂၅	၂၃၂၀	၂၂၁၀	၂၂၂၅	၂၂၅၅	၂၂၆၀	၂၂၆၀	၂၄၉၀	၃၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၃၁	၂၀၀၃
95 Ron	၂၀၁၄	၂၀၈၈
HSD (500 ppm)	၁၉၈၈	၂၀၅၇
HSD (50 ppm)	၂၀၆၂	၂၁၃၃
HSD (10 ppm)	၂၀၆၂	၂၁၃၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၅

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၄၀၄၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၂၂,၃၈၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၈၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- ◆ အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- ◆ အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- ◆ အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- ◆ လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- ◆ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- ◆ တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ◆ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

အင်္ဂလိပ်စကားပြောသင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၇

နိုင်ငံခြားသားဧည့်သည်တော် ကြိုဆိုရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အင်္ဂလိပ်စကားပြောသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွဋ်မောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများက ဧည့်သည်တော်များအား ကြိုဆိုရှင်းလင်းပြသမည့် နေရာများကို ပါဝါပွိုင့်ဖြင့် သရုပ်ပြရှင်းလင်းတင်ပြကြသည်။

ထို့နောက် သင်တန်းဆရာ ဦးမင်းမင်းကိုက သင်တန်းကာလအတွင်း သင်ကြားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိက သင်တန်းဆရာကို လည်းကောင်း၊ ဂေါပကအဖွဲ့ဝင်များက ဆုရသင်တန်းသားများကို လည်းကောင်း ဂုဏ်ပြုဆုငွေများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သင်တန်းသားများကိုယ်စား ဆုရသင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ဂေါပကရုံးဝန်ထမ်း ၂၁ ဦးကို ရွေးချယ်၍ ပထမအဆင့် သင်တန်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ သင်ကြားပေးခဲ့ပြီး သင်တန်းကာလ တစ်လျှောက် ဆန်းစစ်ချက်များအရ အရည်အချင်းပြည့်မီသူ သင်တန်းသား ၁၅ ဦးကို ဒုတိယအဆင့် သင်တန်း ဆက်လက်သင်ကြားခဲ့ရာ သင်တန်းသား ၁၄ ဦး သင်တန်းကာလပြီးဆုံးအောင် တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဓာတ်အားခွဲရုံများ တည်ဆောက်၊ မောင်းနှင် ထိန်းသိမ်းပြုပြင်သင်တန်းနှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၁၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/ မောင်းနှင်/ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်က သင်တန်းသားများ အနေဖြင့် သင်တန်းမှရရှိသော အခြေခံပညာရပ်နှင့် အတွေ့အကြုံများကိုအခြေခံ၍ သင်ယူလေ့လာခဲ့သည့် စာတွေ့၊ လက်တွေ့များကို လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာစာတမ်းများကို ဖတ်ရှုခြင်းဖြင့် လျှပ်စစ်ကဏ္ဍတိုးတက်ရေးအတွက် အစဉ်ကြိုးစားနေရမည်ဖြစ်သည့်အပြင် နည်းပညာအသစ်များကို စဉ်ဆက်မပြတ် လေ့လာသွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘိုက ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်း အမှတ်စဉ်(၁/၂၀၂၃)၏ ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်က အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၃)၏ ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း သင်တန်းသားများ ထံ ပေးအပ်ချီးမြှင့်ပြီး ဌာနအကြီးအကဲများသည် သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ ကျောဖုံးမှ

နန်ဖာဒင်ကြိုးပြင်ကာကွယ်တောဧရိယာ အနီးအနားရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများအတွက် ရေဝေရေလဲဒေသအား ထိန်းသိမ်းရန်၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

နန်ဖာဒင်ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း ကျွန်း၊ သစ်ရာ၊ အင်ကြင်း စသည့် အဖိုးတန်သစ်မျိုးများနှင့် ကညင်၊ သပြေ၊ လောက်ယား၊ သစ်စေး စသည့် သစ်မျိုးများ၊ တင်းဝါး၊ ဝါးနက်၊ ဝါးဘိုးမျက်ဆံကျယ် စသည့် ဝါးမျိုးများပေါက်ရောက်နေပြီး ဝက်ဝံ၊ ဆတ်၊ ပြောင်၊ ချေ၊ တောဝက် စသည့် တိရစ္ဆာန်များ၊ မျောက်မျက်ကွင်းဖြူ၊ မျောက်လွဲကျော် စသည့်မျောက်အမျိုးမျိုး၊ စပါးကြီးမြွေ၊ စပါးအုံးမြွေ စသည့် မြွေအမျိုးမျိုး၊ သိန်း၊ စွန်၊ ဒေါင်းမင်း စသည့်ငှက်မျိုးများ ကျက်စားရာဒေသဖြစ်သည့်အပြင် ဥရုမြစ်အတွင်းစီးဝင်သော နန့်ကဒင်ချောင်း၊ နန်ဖာဒင်ချောင်း၊ နန်ယုတ်ချောင်းများ၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင် ဆေးရုံ တက်ရောက်ကုသမှု ခံယူလျက်ရှိသူတစ်ဦးအား ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မတ် ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင် – ၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင် – ၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိတပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❖

မြင်းခြံတက္ကသိုလ် မိသားစုသင်္ကြန်ပွဲတော် ကျင်းပ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ရေကစား

မြင်းခြံ မတ် ၁၇

၂၀၂၃ ပညာသင်နှစ် မြင်းခြံတက္ကသိုလ် ဘာသာရပ်အသီးသီး စာမေးပွဲနောက်ဆုံးရက် မိသားစုသင်္ကြန်ပွဲတော်ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြင်းခြံတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပသည်။

ကပြဖျော်ဖြေ

မြင်းခြံတက္ကသိုလ်မိသားစု သင်္ကြန်ပွဲတော်ကို ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာအေးအေးဟန်က အဖွင့်အမှာစကားပြောကြားပြီး ယိမ်းအဖွဲ့က မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါ သင်္ကြန်ပွဲတော်တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြပြီး စတုဒိသာအဖြစ် မုန့်လက်ဆောင်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဟုမ္မလင်းမြို့နယ်၌ နွေစပါး အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများ ကွင်းဆင်းသရုပ်ပြ

ဟုမ္မလင်း မတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ယနေ့ နံနက် ၉ နာရီတွင် နွေစပါး စိုက်ပျိုးသည့်တောင်သူများအား ဒု–ဦးစီးမှူး ဦးမိုးမင်းက GAP စိုက်ပျိုးနည်းစနစ်နှင့် နွေစပါးအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများဆွေးနွေးဆောင်ရွက်ပြီး ကွင်းအမှတ်(၆၅) နောင်ပကျစ်ကွင်းရှိ တောင်သူဦးဝင်းအောင်၏ နွေစပါးတင်း ၁၂၀ ထွက်ရှိရေး စံပြကွက် ၁၀ ဧကကို ကွင်းဆင်းပြသခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လက်ထောက်ဦးစီးမှူးဦးယောထန်းက နွေစပါးစိုက်ခင်းတွင်တွေ့ရှိရသော ပိုးမွှားရောဂါ၊ မြေဆီလွှာပြဿနာများ ရင်းလင်းဆွေးနွေးပြီး တောင်သူ ဦးဝင်းအောင်က နွေစပါးအထွက်နည်းစနစ်များ လက်တွေ့ လိုက်နာဆောင်ရွက်မှု အတွေ့အကြုံများဆွေးနွေးကြရာ ညောင်ပင်သာ၊ မှန်ပင်၊ ရေလဲ၊ ကက်သာကျေးရွာများ၊ ဟုမ္မလင်း၊ နောင်ပကျစ်၊ ခိုပဲဝ၊ နမ်ဖွတ်မော်ရပ်ကွက်တို့မှ တောင်သူ ၃၀ နှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်း ၁၅ဦး တက်ရောက်ခဲ့ကြ ကြောင်းသိရသည်။

ဟုမ္မလင်းခရိုင်တွင် နွေစပါး ၁၁၃၃ ဧက စိုက်ပျိုးရန်လျာထားရာ ၁၁၃၄၃ ဧက စိုက်ပျိုးခဲ့ပြီး ၁၀၈ ဒသမ ၄၃ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်လောကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

မိုးနဲ့ မတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝမ်ဟောကျေးရွာအုပ်စု ပန်လောကျေးရွာ ကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိုးနဲ့မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးငိုပွယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က ပန်လောကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထိုနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ကျေးရွာတွင်းကွန်ကရစ်လမ်း မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအား ဖြတ်သန်း ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာပေးအပ်သည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ပေ၊ ဒုခြောက်လက်မ ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ခြောက်သိန်း၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧလွန်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်း(နေကြာ) စံကွက်ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက်မင်းကျောင်းလမ်းပေါ်၌ မတ် ၁၆ ရက် နံနက် ၁၀ နာရီက ဌာနဆိုင်ရာယာဉ်၊ ခရီးသည်တင်ယာဉ်၊ တက္ကစီယာဉ်၊ ကုန်တင်ယာဉ်၊ လူစီးယာဉ်များအားလုံးကို က–ည–နမ့ ထုတ်ပြန်ထားသော ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ကြရန် တာဝန်ရှိသူများက အသိပညာပေး ဆောင်ရွက်ကြစဉ်။

နိုးတူး(ကျောက်တန်း)

ဧလွန် မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ဧလွန်မြို့နယ်တွင် FS မျိုးစေ့ထုတ်စိုက်ခင်း ဆောင်းသီးနှံ (နေကြာ) ဆင်းရွှေကြာ – ၂ စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အုတ်ရှစ်ကွင်းကျေးရွာ တောင်သူဦးအောင်အောင်၏ လယ်ယာမြေနှစ်ဧက၌ ကျင်းပသည်။

အဆိုပါ FS မျိုးစေ့ထုတ်စိုက်ခင်း ဆီထွက်သီးနှံဆောင်းနေကြာစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးထွန်းထွန်းလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိဦးနိုင်ကျော်စိုးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး တစ်ဧကလျှင် နေကြာ ၁၁ တင်းထွက်ရှိကြောင်း သိရသည်။

ယမန်နေ့က နန်းတော်ကျွန်းကျေးရွာအုပ်စု တောင်သူဦးသိန်းဌေးဝင်း၏ လယ်ယာမြေတစ်ဧကတွင် ဆောင်းသီးနှံနေကြာ Super Sun – 41 စံကွက် ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် နေကြာ ၅၅ ဒသမ ၇၀ တင်း ထွက်ရှိကြောင်း သိရသည်။

ဧလွန်မြို့နယ်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးဆီရိက္ခာ ဖူလုံစေရန်အတွက် ဆီထွက်သီးနှံ ဆောင်းနေကြာကို စိုက်ပျိုးဧက ၁၃၇၇၉ ဧကစိုက်ပျိုးထားရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန် / ဆက်)

ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းသို့ လှမ်းလာခဲ့ပါ

မိုးယံ

ပြင်ဦးလွင်၊မေမြို့၊ပန်းမြို့တော်၊တောင်လှောကားမြို့၊ နှင်းမှုန်မြို့တော်ဟု အမည်ငါးမျိုးပိုင်ဆိုင်ကာ ရာသီဥတုအေးမြပြီး သာယာလှပသည့်မြို့တစ်မြို့ကို စိတ်ဝင်တစား ရောက်ဖူးချင်ကြပေလိမ့်မည်။ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၃၃၀၆ ပေခန့်တွင် တည်ရှိပြီး မြန်မာနိုင်ငံတွင် တစ်ခုတည်းသော မြင်းရထားလုံးစီးရသည့်မြို့လည်းဖြစ်သည်။

တောင်ပေါ်မြို့ဖြစ်သည့်အားလျှော်စွာ နှစ်လိုဖွယ်ကောင်းသည့် ရှုမျှော်ခင်းများနှင့် ပန်းပေါင်းစုံတို့က ရာသီအလိုက်ဖူးပွင့်လျက်ရှိကြသဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သည့်မြို့လည်းဖြစ်သည်။ ချယ်ရီပန်းများ၊ရာသီပေါ်အလှပန်းများနှင့် သာယာအေးချမ်းပြီး သဘာဝတောတောင်ရေမြေ၊ ရေတံခွန်ရှုခင်းများကို ပိုင်ဆိုင်ထားသောကြောင့် ရှုပ်ရှင်ရိုက်ကူးရေးသမားများအကြိုက် အနုပညာဖန်တီးရာနေရာလည်းဖြစ်သည်။

မဖြစ်မနေဝင်ရောက်လည်ပတ်

ပြင်ဦးလွင်မြို့ကို လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအနေဖြင့် မဟာအုံ့ထူးကံသာ ဘုရားကြီးကို ဖူးမြော်ပြီးသည်နှင့် ဘုရားကြီး၏အရှေ့ဘက် မျက်နှာချင်းဆိုင်လမ်းမှ ဝင်၍သွားရသည့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS)ကို မဖြစ်မနေဝင်ရောက်လည်ပတ်လေ့ရှိကြသည်။

ခေတ်နှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ လာရောက်အပန်းဖြေသည့်ခရီးသွားများ စိတ်ကြည်နူးအေးချမ်းပျော်ရွှင်စွာအပန်းဖြေစေရန် ရည်ရွယ်လျက် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE. FALLS) ပြန်လည်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ပွဲကောက်ရေတံခွန် (BE.FALLS) အတွင်း သဘာဝရေတံခွန်ရှုခင်းများနှင့် ပတ်သက်၍ လာရောက်လည်ပတ်သူ ခရီးသွားတစ်ဦးက “ရေတံခွန်တွေနဲ့ဆိုတော့ စိတ်လက်ပေါ့ပါးပြီး ပျော်စရာကောင်းတယ်။ ရေက အေးပြီးကြည်နေတယ်။ ကလေးတွေအတွက်လည်း ကစားစရာနေရာတွေရှိတယ်။ ပန်းတွေကလည်း အတော်လှတယ်။ ဓာတ်ပုံရိုက်စရာနေရာတွေလည်း အများကြီးဗျာ။ အရင်နဲ့လုံးဝမတူတော့ဘူး။ အများကြီးတိုးတက်ပြောင်းလဲသွားတယ်။ ကျွန်တော်ကတော့ မိသားစုနဲ့အမြဲလိုလို လာရောက်အပန်းဖြေဖြစ်တယ်” ဟုဆိုသည်။

ပြင်ဦးလွင်မြို့၏ သာယာလှပမှုများကြောင့် ပြည်တွင်းခရီးသွားများသာမက ကမ္ဘာလှည့် ခရီးသွားများလည်း အမြဲမပြတ်လာရောက်



ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းရှိ 5D LED မှန်တံတား။

လည်ပတ်လေ့ရှိကြရာ စနေ၊ တနင်္ဂနွေကဲ့သို့ ရုံးပိတ်ရက်များသည် ပိုမိုထူးခြားစည်ကားလေ့ရှိသည်။

Sky Cable Car

ခရီးသွားများအား ဆွဲဆောင်နိုင်သော ခေတ်မီသာယာလှပသည့် အပန်းဖြေဥယျာဉ်အဖြစ် အဆင့်မြှင့်တင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ရေတံခွန်နှင့် ရှုမျှော်ခင်းအလှအပများအား အပေါ်စီးမှ ကြည့်ရှုခံစားနိုင်သော Sky Cable Car ကို (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

Sky Cable Car သည် ရာသီပေါ်ပန်းအလှစိုက်ခင်းကြီးထဲမှ စတင်ကာ Fall – 3 ရေတံခွန်သစ်လုံးအိမ်အနီးသို့ ပြေးဆွဲပေးလျက်ရှိပြီး လူလေးဦးအထိ လိုက်ပါစီးနင်းနိုင်ကာ အသွားအပြန်တစ်ပတ်ကို ၂၄ မိနစ်ခန့် ကြာမြင့်သည်။

ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း၏ သာယာလှပမှုများကြောင့် ခရီးသွားများကို စိတ်လက်ပေါ့ပါးလန်းဆန်းစေမှုအပြင် Sky Cable Car ၏ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ပျော်ရွှင်စရာဝန်ဆောင်မှုကို ထပ်မံပေးစွမ်းသဖြင့် ယခင်ကထက် ခရီးသွားများ ပိုမိုစိတ်ဝင်စားကာ လာရောက်လျက်ရှိသည်။

5D LED

ထို့ပြင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းအတွင်းရှိ Fall–2 ရေတံခွန်ပေါ်ရှိ ခေတ်မီမှန်တံတားကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ပေးခဲ့သည်။ 5D LED တံတားပေါ်တွင် ခြေလှမ်းလိုက်လျှင် မှန်ကွဲအက်သွားသကဲ့သို့ အလွန်စိတ်လှုပ်ရှားဖွယ်ခံစားရမည့် 5D LED စနစ်များ၊ မြူးကြွသည့်ဂီတသံစဉ်များကြောင့် အလှဓာတ်ပုံရိုက်လိုသူများ၊ စူးစမ်းလေ့လာလိုသူ လူငယ်များဖြင့် မှန်တံတားသည် စည်ကားလှသည်။

ထို့အတူ ၁၉၅၇ ခုနှစ်တွင်တည်ဆောက်ခဲ့သော ပေ ၇၀ အရှည်ရှိသည့် သမိုင်းဝင် (BE) ကြိုးတံတားဟောင်းနှင့် ပွဲကောက်ရေတံခွန်အတွင်း၌ သဘာဝရေတံခွန်အလှများကို ခံစားနိုင်သော View–1၊ View–2 နှင့် သဘာဝတောတွင်းအလှကို ကြည့်ရှုခံစားနိုင်သော Viewing Deck စသည့် View point နေရာများစွာကိုလည်း အလှဓာတ်ပုံရိုက်ကူးနိုင်ရန် ဖန်တီးပေးထားသည်ကိုတွေ့ရသည်။

ရာသီပေါ်ပန်းအလှစိုက်ခင်းများရှိ ရောင်စုံပန်းများသည် တွေ့မြင်ခံစားရသူတို့ကို စိတ်ကြည်နူးချမ်းမြေ့မှုပေးစွမ်းနိုင်သည့်အတွက် အနယ်နယ် အရပ်ရပ်မှ လာရောက်လည်ပတ်သူခရီးသွားများသည် တစ်ဦးချင်းသော်လည်းကောင်း၊ မိသားစုအစုအဖွဲ့နှင့်သော်လည်းကောင်း ပန်းရောင်စုံများနှင့် အလှဓာတ်ပုံရိုက်ကူးကြသည်။

ခေတ်လွန်ယာဉ်များ၊ Windmill House၊ witch’s House၊ Purcell Tower၊ Hexagon House၊ Photo Booths များနှင့် သားသားမီးမီးတို့အကြိုက် ကာတွန်းဇာတ်ကောင်အရုပ်များအား အလှဓာတ်ပုံများ တွဲဖက်ရိုက်ကူးနိုင်ရန် ဖန်တီးပေးထားသည်ကို တွေ့မြင်ရသည်။

ခေတ်မီကလေးကစားကွင်းများ

တိမ်ပေါ်တွင် ခုန်သကဲ့သို့ ခံစားမှုမျိုးရရှိနိုင်သည့် Jumping Cloud ကစားကွင်း၊ ရေအားဖြင့် မောင်းနှင်သည့် မြင်းကမ္ဘာချားရဟတ်နှင့် ခေတ်မီကလေးကစားကွင်းများကို ထားရှိသည့်အတွက် ခုန်ပေါက်ကစားကာ စိတ်လွတ်လပ်ပျော်ရွှင်မှုကို ခံစားနိုင်မည်ဖြစ်သည်။

ဆင်စခန်းတွင် ဆင်လိမ္မာလေး သုံးကောင်ကတင်ဆက်သည့် အလှပြဖျော်ဖြေမှုပြကွက်များကို ကြည့်ရှုနိုင်ပြီး ဆင်ငယ်လေးများအား အစာကျွေးလိုသူများသည် ဆင်စာကျွေးမွေးရင်း အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်ကိုလည်း တွေ့မြင်ရသည်။

ဆင်စခန်းမှဆက်သွားမည်ဆိုပါက တောတွင်းလျှောက်လမ်းရှိပြီး ချစ်စရာသစ်လုံးအိမ်ရှေ့တွင် ဓာတ်ပုံရိုက်၊ အပန်းဖြေအနားယူကာ ထိုမှတစ်ဆင့် ကြိုးတံတားကို ဖြတ်၍ လျှောက်ကြသည်မှာလည်း စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ကောင်းလှသည်။

လှပစွာဝေဖြာစီးဆင်းနေသည့် ရေတံခွန်များ

ထိုနေရာမှခရီးဆက်လိုက်လျှင် စိမ်းမြကြည်လင်နေသည့် ချောင်းတစ်လျှောက် လှပစွာဝေဖြာစီးဆင်းနေသည့် ရေတံခွန်များ၊ ကျောက်ဆောင်ကြီးများ၊ အရိပ်အာဝါသကောင်းသည့် သစ်ပင်ကြီးများနှင့် သဘာဝတောတောင် ရှုခင်းအလှတရားတို့နှင့်အတူ ရေစီးဆင်းသံ၊ ရေတံခွန်ရေကျသံ၊ ကျေးငှက်များ၏သာယာဖွယ်အသံတို့ ရှိသည့် ဆိတ်ငြိမ်ရာနေရာတစ်ခုကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ခံစားရမည်ဖြစ်သည်။

ထိုသို့ သဘာဝတရားကို ခံစားအပန်းဖြေနိုင်ရန် ပေ ၄၀၀၀ ခန့်အရှည်ရှိသည့် တောတွင်းလျှောက်လမ်းကြီး (Natural Fantastic Trekking) ကိုလည်း ထပ်မံတိုးချဲ့ဖောက်လုပ်ထားသည်ကို တွေ့ရသည်။

ရာသီပေါ် ရောင်စုံပန်းအလှစိုက်ခင်းများ၊ သဘာဝစမ်းချောင်းအလှများ၊ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအတွင်းရှိ နေရာများကို စုံလင်အောင် လှည့်ပတ်ကြည့်ရှုခံစားနိုင်ရန် ဘာဂီ(Buggy) နှင့် အလှမြင်းရထားကို စီစဉ်ပေးထားပြီး ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသို့ လာရောက်ကြသည့် ခရီးသွားများအတွက် ဈေးဆိုင်တန်းများတွင် ဒေသထွက်အစားအစာများ၊ သဘာဝသစ်သီးဝိုင်မျိုးစုံနှင့် ဒေသထွက်ကုန်ပစ္စည်းတို့ကို ပြင်ဦးလွင်အပြန် လက်ဆောင်အဖြစ် အမှတ်တရဝယ်ယူနိုင်မည်ဖြစ်သည်။

တောင်ပေါ်မြို့၏ အေးမြသည့်ရာသီဥတု၊ စိမ်းစိုသောသဘာဝအလှတရားများ၊ ဒေသထွက်အစားအစာများ၊ စတော်ဘယ်ရီကဲ့သို့ ရာသီအလိုက်လတ်ဆတ်သည့် အသီးအနှံများနှင့် ကော်ဖီစစ်စစ်အရသာတို့ကိုခံစားလိုရုံဖြစ်စေ၊ မြို့ပြ၏မွန်းကျပ်မှုတို့မှ ခဏတာပြေးထွက်အနားယူအပန်းဖြေလိုရုံဖြစ်စေ ပြင်ဦးလွင်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE. FALLS) သို့သာ လှမ်းလာခဲ့ပါဟု ဖိတ်ခေါ်လိုက်ရပါသည်။ ။

ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းရှိ Sky Cable Car များ။

✧ **Sky Cable Car သည် ရာသီပေါ်ပန်းအလှ စိုက်ခင်းကြီးထဲမှ စတင်ကာ Fall - 3 ရေတံခွန် သစ်လုံးအိမ်အနီးသို့ ပြေးဆွဲပေးလျက်ရှိပြီး လူလေးဦးအထိ လိုက်ပါစီးနင်းနိုင်ကာ အသွားအပြန်တစ်ပတ်ကို ၂၄ မိနစ်ခန့်ကြာမြင့်**

✧ **ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း၏ သာယာလှပမှုများကြောင့် ခရီးသွားများကို စိတ်လက်ပေါ့ပါးလန်းဆန်းစေမှုအပြင် Sky Cable Car ၏ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ပျော်ရွှင်စရာဝန်ဆောင်မှုကို ထပ်မံပေးစွမ်းသဖြင့် ယခင်ကထက် ခရီးသွားများ ပိုမိုစိတ်ဝင်စားကာ လာရောက်လျက်ရှိ**

နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၅၉-ဒီ)နေ ဦးကျော်ကျော်အောင် [၁၂/သဃက(နိုင်)၁၃၉၃၉၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

ဦးကျော်ကျော်အောင်နှင့် ဒေါ်အိခိုင်ဇာလွင်(ခ)အိခိုင်[၁၂/ကမရ(နိုင်)၀၆၁၇၈၀]တို့သည် (၁၇-၃-၂၀၂၃)ရက်နေ့တွင် ဗဟန်းမြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး (၂) ရုံးရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်အား အသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး၍ တရားဝင်ကွာရှင်း ပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ဦးကျော်ကျော် အောင်နှင့် ဒေါ်အိခိုင်ဇာလွင်(ခ) အိခိုင်တို့မှာ ရွှေ့ပြောင်းနိုင်သော ပစ္စည်းသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းသော်လည်းကောင်း၊ ငွေကြေး တစ်စုံတစ်ရာသော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦးရရန်၊ ပေးရန်လုံးဝမရှိတော့ဘဲ ပစ္စည်းခန်းခွဲဝေမှုနှင့် ပတ်သက်၍ နှစ်ဦးသဘောတူ ရှင်းလင်းခဲ့ကြပြီးဖြစ်ပါသည်။ ကလေးအုပ်ထိန်းခွင့်နှင့်ပတ်သက်၍လည်း သားဖြစ်သူ မောင်နိုင်ဇာနည်ဝင်း အား ဖခင်ဦးကျော်ကျော်အောင်မှသာ ရာသက်ပန်အုပ်ထိန်းခွင့်ရရှိကြောင်း နှစ်ဦးသဘောတူညီခဲ့ကြပြီးဖြစ်ပါသည်။ နောက်နောင် ဒေါ်အိခိုင်ဇာလွင်(ခ) အိခိုင်၏ လူမှုရေး ကိစ္စအသီးသီးသည်လည်းကောင်း၊ စီးပွားရေးကိစ္စအသီးသီးသည်လည်းကောင်း ဦးကျော်ကျော်အောင် နှင့် လုံးဝ(လုံးဝ) ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သန္တာ (LL.B) ဦးထွန်းလင်းအောင်(LL.B)

(စဉ်-၅၁၅၈) (စဉ်-၈၃၀၆)

(တရားလွှတ်တော်ရှေ့နေများ)

အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၁၇၈၇၅၊ ၀၉-၂၅၀၀၂၆၄၇၇

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ် ၁၅၅၊ မြေကွက်တည်နေရာအမှတ် ၁၅၅၊ ဧရယာဒီပ(၂)လမ်း၊ ၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးမောင်လူး[၁၂/ဒဂန(နိုင်)၀၁၁၂၀၄])အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်စာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်(ခင်ပွန်း)ဦးမောင်လူး ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၂၁၁၀/၂၀၁၅(၂၆-၃-၂၀၁၅)ဖြင့် (ဇနီး)ဒေါ်ငွေကြည်မှပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ငွေကြည် (မိခင်)သည် (၁၁-၁-၂၀၁၈)ရက်နေ့တွင် ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးသိန်းငွေ၊ ဦးထိန်လင်း[၁၂/အစန(နိုင်)၁၃၁၁၂]၊ မှင်ငင်ကိုယ်တိုင်နှင့် ဦးသိန်းငွေ[၁၂/အစန (နိုင်)၁၈၂၃၃]၊ ဒေါ်မြတ်မြတ်စိုး[၁၂/အစန(နိုင်)၀၁၄၂၄]၊ ဒေါ်ကေဇင်စိုး[၁၂/ဒဂမ(နိုင်)၀၀၇၁၈၆]။ ဦးအောင်ဝင်းထွေး[၁၂/ဒဂမ(နိုင်)၀၀၇၀၆၉]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၃၂/၂၀၂၁ (၂၇-၄-၂၀၂၁)ဖြင့်ရယူပြီး အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဌေး [၁၂/မရက(နိုင်)၀၃၈၅၅၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ-

(၁) ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်(၈၈/၁၄)၊ မြေကွက်အမှတ်(၁၃၅၅/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၂၇)ဧကရှိ ဦးသူရအမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်အား မြေချပါမစ်အမည်ပေါက်ပိုင်ရှင် ဦးသူရ (HJG-၀၀၂၉၀၈)ထံမှ လည်းကောင်း၊ (၂) ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဧရယျာ၀တီလမ်း၊ မြေကွက်အမှတ်(၈၇၃/က)၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)၊ ဧရိယာ(၀.၀၂၇)ဧကရှိ ဒေါ်သောင်းကျင် အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ရေမီးစုံပါ လူနေအိမ်အားအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ ဒေါ်သူဇာ[၁၂/လမန(ပြည်)၀၀၁၀၉၅] ထံမှလည်းကောင်း၊

အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို အသီးသီးပေးချေခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါ အိမ်မြေများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်နုင်ဝေ(LL.B,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)
အမှတ်(၁၈၇)၊ သံတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၃၆၄၄၄၅၅၅

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၅ စီဂျီ၊ မြေကွက်အမှတ်-၁၅၇၁၊ ဧရိယာ (၀.၀၁၈) ဧက၊ မြေကွက်တည်နေရာအမှတ် (၂၂)၊ မင်္ဂလာသိန္ဓိလမ်း၊ ဆရာစိတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်မအောင် [၁၁/ရဗန (နိုင်)၀၄၅၅၆၃]၊ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် (မိခင်) ဒေါ်မအောင်သည် (၂၆ -၁၀- ၂၀၂၁) ရက်နေ့နှင့် (ဖခင်) ဦးဘိုးချမ်းဦး (၁) ဦးဖိုးချမ်းဦးသည် (၂၄-၁၂-၂၀၀၅) ရက်နေ့တို့တွင် အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးသိန်းတန်အောင်၊ ဦးသံခဲအောင်၊ ဦးသိန်းနု၊ ဒေါ်အေးတင်တို့မှ ၎င်းတို့ (၄) ဦးသာမွေးဖွားခဲ့ပြီး အမွေဆက်ခံမည့်သူများဖြစ်ကြောင်း၊ အခြားဆက်ခံမည့်သူ တစ်ဦး တစ်ယောက်မျှမရှိကြောင်း၊ (၈-၁၁-၂၀၂၂) ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဒေါ်မအောင်နှင့် ဦးဘိုးချမ်းဦး (၁) ဦးဖိုးချမ်းဦးတို့၏ သေဆုံးမှု လက်မှတ်၊ နှစ် (၆၀) ဂရန်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတိပြားတို့တင်ပြ၍ ဦးသိန်းတန်အောင် [၁၂/ကမရ(နိုင်)၀၀၄၂၆၇]၊ နှင့် ဦးသံခဲအောင် [၁၂/ကမရ(နိုင်)၀၃၆၉၁၀]၊ ဦးသိန်းနု [၁၁/ရဗန(နိုင်)၀၅၁၂၉၉]၊ ဒေါ်အေးတင် [၁၁/ရဗန(နိုင်)၀၄၅၆၇၆]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစံသာကျော် [၁၂/ဗဟန(နိုင်)၀၅၃၆၉၀]မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၄၃/၂၀၂၂(၄ -၁၀-၂၀၂၂)၊ ကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ကို ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**

(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ဇီဇဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ် (၁၂၂/ခ)၊ အလျားxအနံ (၂၀ပေx၆၀ပေ) ဟု ခေါ်တွင်သည့် ဂရန်မြေကွက်နှင့် အဆိုပါ မြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မိုးမြင့် [၁၁/သတန(နိုင်)၀၅၅၉၃၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထား အပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးရန်အောင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၆၉၉၉)
အမှတ်(၂၄/အေ)၊ ရန်ပြေ (၁၃)လမ်း၊ ရန်ပြေရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၆၆၆၃၇၆၇

ဦးသက်နိုင်ဦးနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းတစ်(၁၁) ဦးဝင်းအောင် မှတ်ပုံတင်အမှတ်[၁၂/လသန(နိုင်)၀၁၉၂၄၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းတစ်နှင့် ဦးသက်နိုင်ဦး မှတ်ပုံတင်အမှတ်[၁၂/ကတတ(နိုင်)၀၂၆၃၅၁] ကိုင်ဆောင်သူတို့သည် (၁-၅-၂၀၁၀) ရက်နေ့မှစ၍ နှစ်ဖက်မိဘအသိုင်းအဝိုင်းတို့၏ သဘောတူခွင့်ပြုချက်တို့ဖြင့် တရားဝင်လက်ထပ်ကာ အိမ်ထောင်သက်(၁၁)နှစ်ကျော် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါ စိတ်သဘောထားတိုက်ဆိုင်ခြင်းမရှိပါသဖြင့် ခွဲခွာနေထိုင်ခဲ့ကြသော်လည်း ယနေ့ထိတိုင် တရားဝင်အကြင်လင်မယားအဖြစ် တည်ရှိလျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းတစ်သာလျှင် ဦးသက်နိုင်ဦး၏ တရားဝင်ဇနီးမယားဖြစ်ကြောင်းနှင့် ခင်ပွန်းသည်ဖြစ်သူ၏အကျိုးစီးပွားအရပ်ရပ်ပိုင်ဆိုင်မှုတို့၏ တစ်ဦးတည်းသာလျှင်ခံစားခွင့်ရှိသည့် တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ပြီးမာလွင်
အထက်တန်းရှေ့နေ(စဉ်-၄၇၅၃၀)
သစ္စာနေခြည်လမ်း၊ နတ်စင်တစ်ရာကုန်းထိပ်၊
ကျောက်ရေတွင်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph-09-253001060/09-770179180

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၂၇၁)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်စိုး (ZLN-၀၁၀၅၄၄) အမည်ဖြင့် မှတ်သားထားရှိသော ပါမစ်မြေကွက်၊ အကျယ်အဝန်း (၄၀x၆၀) ပေအကျယ်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေအကျယ်(၂၀x၆၀) ပေရှိ (မြေကွက်ကိုမျက်နှာမူလျှင်- ညာဘက်ခြမ်း) ပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားရှိလျက် အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဆန်းမော်(ဘ)ဦးအုန်းမြင့် [၆/ကသန(နိုင်)၀၆၀၀၆၈၁]ထံမှ ကျွန်ုပ်၏တိတ်ဆွေ ဒေါ်ဝင်းဝင်းနိုင် [၁၂/လသယ(နိုင်)၀၅၁၃၉၆၆]က အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ပါမစ်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခင်စန္ဒာထက် (LL.B, D.B.L, D.I.L.)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၂၂)
အမှတ်(၉၆)၊ (၅)-ဘီ)၊ ၃၇-လမ်း၊ ဂန္ဓမာတံမြင့်ကွန်ဒို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၅၇၃၃၂၅၈၊ ၀၉-၄၄၃၃၀၄၃၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၃/B၊မြေကွက်အမှတ်-၃၉၉၊မြေကွက်တည်နေရာအမှတ်(၃၉၉)၊သမာဓိ(၁)လမ်း၊၃၉/ဘီ ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးစိုးမြင့်(AC-၀၆၃၁၉၄)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်-ဦးစိုးမြင့်(ဖခင်)သည်(၅-၁၂-၂၀၁၄)ရက်နေ့တွင်လည်းကောင်း၊(မိခင်)ဒေါ်သန်းစိန်သည်(၃၁-၁၀-၁၉၉၆)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်ခဲ့ကြပြီး၊သား/သမီး(၈)ဦးအနက်ဒေါ်သန်းသန်းစိုးသည်(၉-၄-၂၀၁၈)ရက်နေ့တွင်(အမျိုးကြီးဘဝ)ဖြင့်လည်းကောင်း ဦးမြင့်ကိုသည်(၁၇-၉-၁၉၉၂)ရက်နေ့တွင်(လူမျိုးကြီးဘဝ)ဖြင့်လည်းကောင်း ကွယ်လွန်ခဲ့ကြသဖြင့်ဦးဝင်းကို(၉/လဝန(နိုင်)၁၅၁၀၁၄၇)၊ဒေါ်ခိုခိုစိုး(၁၂/ရကန(နိုင်)၀၅၅၂၅)၊ဒေါ်ကြည်ကြည်စိုး(၁၂/ရကန(နိုင်)၀၅၅၃၃)၊ဒေါ်သင်းသင်းစိုး(၁၂/ရကန(နိုင်)၀၀၂၉၉၄)၊ဒေါ်ခင်မာမာစိုး(၁၂/ရကန(နိုင်)၀၀၂၉၉၅)၊ဒေါ်ဇင်ဇာဇာစိုး(၁၂/ဒဂမ(နိုင်)၀၂၄၈၆၆)တို့မှမိမိတို့မောင်နမ(၈)ဦးတည်းကိုသာမွေးဖွားထွန်းကားခဲ့ကြောင်း၊ဖိမိတို့မှလွှဲ၍အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ကိတ္တိမသား/သမီးမွေးစားထားခြင်းလည်းမရှိပါကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊(ဖခင်)ဦးစိုးမြင့်၏သေဆုံးမှုလက်မှတ်၊(မိခင်)ဒေါ်သန်းစိန်၏(၁၉၉၆)ခုနှစ်သေစာရင်းမှတ်တမ်းမှာရုံးရှိစာရင်းဌာနတွင်ရာဖြေမတွေ့ရှိပါသဖြင့်သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ထောက်ခံချက်(အစ်ကို/ညီ)ဖြစ်သူဦးမြင့်ကို၏သေဆုံးမှုပထမမိတ္တူမှန်(အစ်မ/ညီမဖြစ်သူ)ဒေါ်သန်းသန်းစိန်၏သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊ပါမစ်နိုင်/ကတ်၊မြန်မာစီးပွားရေးဘဏ်ငွေသွင်းချလဲ၊မြန်မာစီးပွားရေးဘဏ်ဘဏ်ခွဲ(၁)၏ဘဏ်ကြေကြေင်းထောက်ခံစာတို့တင်ပြ၍ပါမစ်နှင့်ဂရန်သစ်လဲလှယ်ခွင့်ပြုပါ၊ရန်လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်(၁)ထပ်ဖျဉ်ထောင်(၁)လုံး၊နှင်းယာဘက်(၂)ထပ်တိုက်(၁)လုံးရှိပြီးလျှောက်ထားသူများကိုယ်တိုင်နေထိုင်ပါသဖြင့်ပါမစ်နှင့်ဂရန်လဲလှယ်ခွင့်ပြုပါ၊ရန်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း၊ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁)ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အမှတ်စဉ်(၇/၂၀၂၂)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁)ရန်ကုန်မှ ဆောင်ရွက်မည့် ပြည်မြို့၊ ရေးဟောင်းသမိုင်းဝင်လေးဆူ ဓာတ်ဗျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ပရဝုဏ်အတွင်း တည်ဆောင်လျက်ရှိသော (၄)ထပ် ဓမ္မာရုံတွင် ဓာတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။	တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်နှင့် နေရာ	- ၂၄-၃-၂၀၂၃(သောကြာနေ့) အဆောက်အဦအထူးအဖွဲ့(၁)ရုံး၊သုဝဏ္ဏ၊ မင်းဒင်လမ်း၊ သံသုမာလမ်းနှင့် သရဖီလမ်းထောင့်၊ သင်္ဃန်းကျွန်းမြို့နယ်။
၂။	တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၃၁-၃-၂၀၂၃(သောကြာနေ့) ညနေ ၄:၀၀ နာရီ
၃။	တင်ဒါဖွင့်မည့်ရက်နှင့်အချိန်	- ၅-၄-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀ နာရီ
၄။	တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	- ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးလမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။

၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား (၂၂-၃-၂၀၂၃)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဖုန်း-၀၁-၂၃၃၃၅၆၀၊ ၀၉- ၄၂၀၀၃၆၆၂ သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

မှတ်ချက်။ ။ပြောင်းလဲမှုရှိလျှင်အကြောင်းကြားပါမည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/G၊ မြေကွက်အမှတ် ၯ-၁၀၊ ဧရိယာ(၀.၀၂၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၅၄)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဒေါ်စူး[၁၂/မဂတ(နိုင်)၀၃၆၁၃၃၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စူး(အစ်မအရင်း)သည် (အပျိုကြီးဘဝဖြင့်) ၅- ၇-၂၀၁၉ ရက်တွင် ကွယ်လွန်သဖြင့် ကျန်မောင်/ညီမများဖြစ်ကြသော ၁။ ဦးတင်ယု[၁၂/ဗဟန(နိုင်)၀၆၈၈၉၉]၊ ၂။ ဦးယုခင်[၁၂/ရကန(နိုင်)၀၁၆၇၂၆]၊ ၃။ ဒေါ်ခင်ရီ(ခ) ဒေါ်ခင်ခင်ရီ[၁၂/သဃက(နိုင်)၀၁၃၁၁]၊ ၄။ ဦးဘန်အေး[၁၂/ကမရ(နိုင်)၀၅၀၄၈၉]၊ ၅။ ဒေါ်အေးပို[၁၂/မဂတ(နိုင်)၀၃၆၂၄]တို့မှ ဒေါ်စူးသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိတ္တိမသားသမီးအဖြစ် မွေးစားခဲ့ခြင်း မရှိပါကြောင်း၊ မောင်နှင့်ညီမများဖြစ်သော ၎င်းတို့(၅)ဦးမှလွဲ၍ အခြားမည်သည့် အမွေစားအမွေခံ တစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခဲ့ခြင်းမရှိပါကြောင်းနှင့် ၎င်းတို့(၅)ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်း၌ဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်စူး၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဂရန်မူရင်း၊ နိုင်/ကတ်နှင့် မြေခွန်ပြေစာတို့အားတင်

ကျေးဇူးတင်လွှာ

၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို (၈-၃-၂၀၂၃)ရက်နေ့မှ (၁၈-၃-၂၀၂၃)ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများ၌ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ရာ စာမေးပွဲမတိုင်မီနှင့် စာမေးပွဲကာလတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာ ပြီးမြောက်စေရန် စောင့်ရှောက်ကူညီပံ့ပိုးပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့သားများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို ပညာရေးဝန်ကြီးဌာနမှ လှိုက်လှဲစွာ ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြတ်ဦးရပ်ကွက် အမှတ်(၁၀၈)ကုန်းဘောင်လမ်း၊ မြေကွက်အမှတ်(၂၁၀) ဧရိယာ(၄၀'×၆၀')ရှိသော ဦးဝင်းမောင်(I.TBN-၀၀၁၆၁၀) အမည်ပေါက်ပါမစ်မြေအမျိုးအစားမြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကို မြေချပါမစ်တွင်-ဦးဝင်းမောင်(I.TBN-၀၀၁၆၁၀) အမည်ပေါက်နေပြီးအရောင်းအဝယ်ကတိစာချုပ်(အဆက်ဆက်)အရဝယ်ယူပိုင်ဆိုင်သူ-ဒေါ်မိုးမိုးအေး(၁၂/မရက(နိုင်)၀၀၅၀၃၅)ကအာရှပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ-(၁)ဦးဝင်းတင်(၁၂/ဥကတ(နိုင်)၀၂၃၃၉၈)(၂)ဒေါ်ခင်မိမိဇော်(၁၃/နဆန(နိုင်)၀၆၁၂၂၂) တို့ကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါကမြေကွက်အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်ဇွန်နိုင်(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်(A-1)၊ အခန်းအမှတ်(၃၁၉)၊ အခန်းအမျိုးအစား-Type(C)၊ အကျယ်အဝန်း (၆၂၂)စတုရန်းပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက်သူ (ဒေါ်ညိမ်းမေ-နိုင်ငံသားစိစစ်ရေးအမှတ် [၆/မအရ(နိုင်)၀၅၅၅၈၄])ထံမှတစ်ဆင့် တရားဝင် နောက်ဆုံးဝယ်ယူထားသူ ဒေါ်မေလာနီ [၇/တန(နိုင်)၁၁၈၂၃၉]မှ (၁၈-၁၁-၂၀၁၄)နေ့စွဲဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဆေးစုကြည်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၆)
ဖုန်း- ၀၉-၄၃၁၇၁၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁-က ခရေပင်ရိပ်မွန်၊ လူနေရပ်ကွက်အမှတ်- လေဆိပ်ဝန်းကျင်ဖွံ့ဖြိုးရေးစီမံကိန်း၊ ခရေပင်(၈)လမ်း၊ မြေကွက်အမှတ်-၂၉၊ အကျယ်အဝန်း (၄၂x၆၈)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်သူ ဦးတင်လှ [၁၂/ပဇတ(နိုင်)၀၁၅၁၅၃] အမည်ဖြင့် မှတ်သားတည်ရှိသော်လည်း ဆက်စပ်စာချုပ်အရ ယခုရောင်းချသူ ဒေါ်ရီရီလှ [၆/လလန(နိုင်)၀၃၇၄၇၃]မှ ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်သန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၆)
အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၅၁၅၃၄၄

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ အမှတ်(၅၇၁)၏ မြေဧရိယာ(၄၀x၆၀)ပေထဲမှ (၂၀x၆၀)ပေရှိ မြေနှင့် ယင်းမြေကွက်ကိုမျက်နှာမူလျှင် ညာဘက်အခြမ်း(ခြေရင်းခြမ်း)၊ မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသန်းဧော် [၈/ဆပဝ(နိုင်) ၀၇၀၈၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြိုင် [၉/ညဥန(နိုင်)၂၂၇၉၁၅]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မြင့်ဦး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၈၆၁၁)
အမှတ်(၁၁၉၈)၊ ပင်းယလမ်း၊ (၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၅၁၉၂၇၈၉၇

ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်းနှင့် ဦးဘဟန်လမ်း၊ မုဒိတာအိမ်ရာ(၁)၊ အမှတ်(၇၅)၊ အခန်းအမှတ် (A-229) ဟုခေါ်တွင်သော ခန့်မှန်းအကျယ်အဝန်း (၁၅၀x၄၅၅ပေ)ရှိ တိုက်ခန်းနှင့် ရေမီးအစုံအလင်ပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရင်ကတိစာချုပ်အဆင့်ဆင့်ဖြင့်သော်လည်းကောင်း၊ မုဒိတာအိမ်ရာ(၁) တိုက်ခန်းပိုင်ရှင် အသိအမှတ်ပြုလွှာအရသော်လည်းကောင်း၊ တရားဝင်မိမိပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ကြီး [၁၂/ဥကမ(နိုင်)၁၄၇၉၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)
အမှတ် (၁၅)၊ ရတနာသမိုင်း ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၆၆

ဖခင်အမည်မှန်

ဝါးခယ်မမြို့ အ.မ.က(ဈေး)၊ Grade-4 တွင် ပညာသင်ကြားနေသော မောင်ဖြိုးဝေယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထက်ပိုင်ဖြိုး[၁၄/၀ခမ(နိုင်)၂၂၄၅၅၀၂] ဖြစ်ပါကြောင်း။

ဦးအောင်ထက်ပိုင်ဖြိုး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်ဆည်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကျေးရွာ(၁)ရပ်ကွက်ရှိ ကျောက်ဆည်ခရိုင်ရုံးပိုင်ဝန်ထမ်းများ ကိုယ်စားပြု ကျန်းမာရေးဌာနခွဲ ကားပျက်ကွက်ကြောင့် ကားပြင်ဆင်ရန်ကုန်ကြီးမြို့ ကားဂိတ်ရောက်ရှိခဲ့ရာ ကားပြင်ဆင်ခ ကုန်ကျငွေ ကျပ်(၂၀,၀၀၀)ကို ကားပိုင်ရှင် ဦးကျော်ဇင်ထွန်းမှ ပေးချေခဲ့ကြောင်း

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်း(၁)လမ်း၊ အမှတ်(၂၀)ရှိ (၂)ခန်းတွဲ(၇)ထပ်တိုက်၏ ပဋ္ဌမထပ်(၆–လွှာ)(ခေါင်းရင်း)၊ အကျယ်အဝန်း (၁၂ပေခွဲ x ၆၅၀)ရှိတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးသန့်ဇင်ဦး (၁၂/ဗတထ (နိုင်) ၀၃၁၂၀၈)**ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(၁၆–၃–၂၀၂၃)ရက်စွဲပါကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့် တကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့် အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇောာင်မျိုးသိန်း (LL.B, DBL, DIL, DA Psy)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)
အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၈၅၅၅၀၂၅၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ လူနေရပ်ကွက်အမှတ်–မြင်သာစုပေါင်းအိမ်ရာ၊ မြေကွက်အမှတ်(၄/၂)၊ အကျယ်အဝန်း (၃၀ x ၅၅) ပေ၊ (၁၇၁၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် ပိုင်ဆိုင်သူ ဦးခင်မောင် (ISN –၄၈၄၂၁၆)၏ဇနီးဖြစ်သူ ဒေါ်သန်းညွှန့် (၁) မိရောင် [၁၂/ဥကတ(နိုင်) ၀၀၇၈၀၀] မှ လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်ဝေါ် [၁၂/သဃက(နိုင်)၀၄၁၁၂၁]နှင့် ဒေါ်ယဉ်ယဉ်ထွန်း [၁၂/ဥကတ(နိုင်)၁၂၆၆၄၄]တို့မှ အဆိုပါမြေကွက်အား ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ကောသီထိုက်
အထက်တန်းရှေ့နေ (စဉ်–၄၅၀၈၈/၁)
အမှတ်(၂၇/၂၉)၊ ၃–ထပ်၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၅၀၄၁၄

ပြင်ဆင်ဖတ်ရှုပါရန်

(၁၅–၃–၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃၀)ပါ တရားလွှတ်တော်ရှေ့နေ ဦးဝေမိုး၊ ဒေါ်သန်းသန်းဦးတို့၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာမှ ဂရန်အမည်ပေါက် ဦးယုနိုင်(၁) ဦးတင်မောင် အစား ဦးယုဟိုင်(၁) ဦးတင်မောင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

